# ကြေးမုံ The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday, 2 December 2022 ၁၀၉၃၇


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စစ်ပွဲအယူအဆများနှင့် သဘောတရားရေးရာများ မည်သို့ပင် ပြောင်းလဲစေကာမူ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၏ အရေးပါမှု အခန်းကဏ္ဍသည် ပြောင်းလဲခြင်းမရှိသည်ကို တွေ့ရှိရမည်

## မျိုးဆက်သစ် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များအနေဖြင့် အစဉ်အလာကောင်းများကို လက်ဆင့်ကမ်း တာဝန်ယူထိန်းသိမ်း

နေပြည်တော် ဒီဇင်ဘာ ၁

(၇၅)နှစ်မြောက်စိန်ရတု စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်ခိုးရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတု စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အငြိမ်းစား စစ်လက်နက်ပစ္စည်း တပ်ဖွဲ့ဝင်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်နှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က (၇၅)နှစ်မြောက် စိန်ရတု စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

### စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်(Live) ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီ ၂၅ မိနစ်မှစတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Skynet FUTURE 5 Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်


ယနေ့ ဖတ်စရာ

နေပြည်တော် ပညာ့ရတနာ Naypyitaw State Academy

ဆောင်းပါး စာမျက်နှာ » ၆

ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်၊ လွယ်ကူအားထား မီးရထား(၁)

ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

# ပြည်သူ့အကျိုးစီးပွားဖျက်ဆီးမှုများ ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်

ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများအတွက် အရေးကြီးသော အခြေခံလိုအပ်ချက်များမှာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်သည်။ အဆိုပါအခြေခံလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ NUG နှင့် လက်ဝေခံ PDF အကြမ်းဖက်အဖွဲ့များသည် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးနေသောကြောင့် ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ၌ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူလူထုအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားများကို လုံလောက်ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလိုင်းများအား ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို နေ့မအားညမနား ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်၏ ရန်ပုံငွေဖြစ်သည့် လျှပ်စစ်ဓာတ်အားခများ ပြန်လည်ရရှိရေးအတွက် ကောက်ခံပေးလျက်ရှိသည်။ ရရှိလာသောပြည်သူ့ဘဏ္ဍာငွေများဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေးလုပ်ငန်းများ နေ့စဉ်နှင့်အမျှ စဉ်ဆက်မပြတ်လည်ပတ်နေစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် ဆောင်ရွက်နေမှုများအား NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူအတွက် ဖြည့်ဆည်းပေးလျက်ရှိသည့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအား ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများပြုလုပ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံတိုက်ခိုက်ပစ်ခတ်မှု ၂၄ ကြိမ်၊ လျှပ်စစ်ဓာတ်အားပေးရေးစက်ရုံ၊ ခွဲရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများအား ဝင်ရောက်ဖောက်ခွဲ ဖျက်ဆီးပစ်ခတ်မှု ၂၀၉ ကြိမ်အပြင် အများပြည်သူတို့အား ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

ပြည်သူများအား လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလျက်ရှိသည့် မဟာဓာတ်အားလိုင်းတာဝါတိုင် ၄၈ တိုင်နှင့် ဖြန့်ဖြူးရေးလိုင်း ၄၉ တိုင်တို့ကို ဖောက်ခွဲဖျက်ဆီးခဲ့ကြသဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်အား ၁၆၀ မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့သည်။ အချို့သောနေရာများတွင် ပြုပြင်ဆောင်ရွက်ရန် အခက်အခဲများရှိပြီး ချက်ချင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိသဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိခြင်းမရှိဘဲ အခက်အခဲများဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက်သမားများလက်ချက်ကြောင့် ပျက်စီးမှုများကို အကြိမ်ကြိမ်ပြုပြင်ဆောင်ရွက်နေစဉ်အတွင်း၌လည်း ထပ်မံနှောင့်ယှက်တိုက်ခိုက်ဖျက်ဆီးမှုများရှိသဖြင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ နိုင်ငံ့ဝန်ထမ်း ၁၉ ဦး အသက်ဆုံးရှုံးခဲ့ပြီး ၅၆ ဦး ထိခိုက်ဒဏ်ရာရခြင်းများရှိခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်း နိုဝင်ဘာလ ၂၉ ရက်နေ့က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လျှပ်စစ်ရုံး၌ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတစ်ဦးအား အကြမ်းဖက်သမားများက လုပ်ကြံပစ်ခတ်ခဲ့သဖြင့် အသက်သေဆုံးခဲ့သည်။ နိုဝင်ဘာလ ၂၈ ရက်နေ့ကလည်း ၂၃၀ ကေဗွီ ညောင်ပင်ကြီး-ချောင်းကူး မဟာဓာတ်အားလိုင်းကို အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် နိုင်ငံအတွင်း မြို့ ၁၃ မြို့ ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည်။ ထိုနေ့တွင်ပင် အကြမ်းဖက်သမားများက မကွေးတိုင်းဒေသကြီး ကျွန်းချောင်းရှိ ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်ရုံမှ ဝန်ထမ်းများအား ခြိမ်းခြောက်၍ ငွေတောင်းခံခဲ့ပြီး ငွေမပေးပါက အသက်အန္တရာယ်ပါ ခြိမ်းခြောက်လာခဲ့ရာ နိုင်ငံခြားသားဝန်ထမ်းများ လုပ်ငန်းခွင်မှထွက်ခွာသွားသဖြင့် ဓာတ်အားပေးရေးစက်ရုံ ရပ်တန့်သွားခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျော့နည်းသွားသည့်ဖြစ်စဉ်ဖြစ်လာခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက်သမားများက မည်သို့ပင် အကြိမ်ကြိမ် နှောင့်ယှက်ဖျက်ဆီးနေသော်လည်း အများပြည်သူ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတပ်ဖွဲ့များနှင့်လက်တွဲပူးပေါင်းကာ အကြိမ်ကြိမ်ပြန်လည်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားပေးရေးနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသောအခြေအနေများကို သိရှိနားလည်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးနေသည့် အကြမ်းဖက်အဖျက်သမားများအား ဆန့်ကျင်ရှုတ်ချကာ နိုင်ငံတော်နှင့် လက်တွဲပူးပေါင်း၍ တိုက်ဖျက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

---

**“အားလုံးပါဝင်ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့၊ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး”**

**“Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world”**

၃.၁၂.၂၀၂၂ နေပြည်တော်

---

## အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက် ၅၈/၄ ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းက ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အဆိုပါကွန်ဗင်းရှင်းသို့ တရားဝင် အတည်ပြုဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အခြားကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိနိုင်ငံတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိသည်။

(၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-I) ကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁၁ | ၁၀၀,၁၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၃၆၄ | ၁,၂၀၁,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၄၈ | ၃၆၉,၆၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၅၉၆ | ၁၁,၆၂၂,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၃ | ၇,၉၅၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၆၀၂ | ၁,၅၉၅,၃၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၅ | ၁၂၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၉၁.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၆.၃၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၀၀၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၆.၄၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၈၃၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၈.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၄၅.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၉.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

---

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

☆ **ရှေ့ဖုံးမှ**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၇၅) နှစ်မြောက် စိန်ရတု**စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့**ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၇၅)နှစ်မြောက် စိန်ရတု **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားရာ ယနေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကာလတွင် မြန်မာ့တပ်မတော်စတင် ဖွဲ့စည်းခဲ့သည့်အချိန်ကပင် တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သည့် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၏ (၇၅)နှစ်ပြည့်မြောက်သော အခါသမယပင်ဖြစ်ကြောင်း။

တပ်မတော်စတင်တည်ထောင်ချိန်မှ ယနေ့ကာလအထိ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များအပေါ် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အနေဖြင့် "တိုက်ပွဲအတွက် စစ်လက်နက်၊ အောင်ပွဲရေးရှုထောက်ကူပြု" ဆိုသည့် ဆောင်ပုဒ်နှင့်အတူ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးကျေပွန်အောင် စွမ်းဆောင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးအကြိုကာလတွင် အရေးအပါဆုံးအချိန်ဖြစ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဗမာ့တပ်မတော်စစ်လက်နက်ပစ္စည်းတပ် (Burma Army Ordnance Depot-B.A.O.D)အဖြစ် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်ကို **"စစ်လက်နက်ပစ္စည်း တပ်ဖွဲ့နေ့"** အဖြစ် သတ်မှတ်ခဲ့ကြောင်း။

လွတ်လပ်ရေးရပြီးစ အချိန်တွင် စစ်လက်နက်ပစ္စည်း တပ်ဖွဲ့အနေဖြင့် ဝေဟင်မှ ခဲယမ်းမီးကျောက်များ ထောက်ပံ့ရေးလုပ်ငန်းများကို တီထွင်စမ်းသပ်နိုင်ခဲ့ပြီး ၁၉၄၉ ခုနှစ် သောင်းကျန်းသူ နှိမ်နင်းရေးတိုက်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယင်းအချိန်ကစပြီး လေယာဉ်ဖြင့် ခဲယမ်းများ ထောက်ပံ့ခြင်းလုပ်ငန်း တဖြည်းဖြည်း တိုးတက်လာခဲ့ရာ ယနေ့အချိန်အထိတိုင်ပင်ဖြစ်ကြောင်း။

ခေတ်ကာလအဆက်ဆက် စစ်ရေး၊ စစ်ရာ ကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် ယနေ့ကာလအထိတိုင် လက်နက်စွမ်းရည်နှင့် အုပ်ချုပ်ထောက်ပံ့မှု ကောင်းမွန်သည့် အစုအဖွဲ့များသည် နယ်ပယ်အလိုက် အောင်မြင်မှုရရှိခဲ့ကြသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ စစ်ပွဲအယူအဆများနှင့် သဘောတရားရေးရာများ မည်သို့ပင် ပြောင်းလဲစေကာမူ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၏ အရေးပါမှုအခန်းကဏ္ဍသည် ပြောင်းလဲခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သေနင်္ဂဗျူဟာပျို့တွင် **"မြစ်တွင်းကြီးခေါင်၊ ရွက်ဆောင်မချို့၊ တို့တွင်မြို့က၊ သယ်ပို့လှောင်ထား၊ ဆန်စပါးနှင့် သောက်စားဘွယ်ဘွယ်၊ အသွယ်သွယ်ဖြင့်၊ ကြီးငယ်မျှစေ၊ စစ်ပျိုစေရှင့်"** ဟု ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့စစ်ပွဲများကို လေ့လာကြည့်မည်ဆိုလျှင် အုပ်ချုပ်ထောက်ပံ့မှုကောင်းမွန်ပြီး တိုက်ပွဲဝင်စိတ်ဓာတ်မြှင့်တင်ပေးနိုင်သည့် တပ်မတော်များကသာ တိုက်ပွဲအောင်မြင်ခြင်းဆိုသည့် သော့ချက်ကို သမိုင်း၌ ထင်ရှားစွာ တွေ့ရမည်ဖြစ်ကြောင်း။

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အနေဖြင့် စတင်တည်ထောင်ချိန်မှ ယနေ့ကာလတိုင်အောင် လူအင်အား၊ တပ်အင်အား၊ ဖွဲ့စည်းပုံမျိုးစုံ၊ အမည်နာမမျိုးစုံ ပြောင်းလဲခဲ့သော်လည်း တပ်ဖွဲ့၏ အနှစ်သာရဖြစ်သော **"ပစ္စည်းမှန်၊ နေရာမှန်၊ အချိန်မှန်၊ အရည်အသွေးမှန် ထိန်းသိမ်းထုတ်ပေးရန်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်လျက်ရှိကြကြောင်း။

**စာမျက်နှာ ၄ သို့** ☆

- **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးအကြိုကာလတွင် အရေးအပါဆုံးအချိန်ဖြစ်ခဲ့သည်ကို တွေ့ရှိရ**
- **ဗမာ့တပ်မတော်စစ်လက်နက်ပစ္စည်းတပ်** (Burma Army Ordnance Depot-B.A.O.D)**အဖြစ် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်ကို " စစ်လက်နက်ပစ္စည်း တပ်ဖွဲ့နေ့" အဖြစ် သတ်မှတ်ခဲ့**
- **ခေတ်ကာလအဆက်ဆက် စစ်ရေး၊ စစ်ရာ ကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် ယနေ့ကာလအထိတိုင် လက်နက်စွမ်းရည်နှင့် အုပ်ချုပ်ထောက်ပံ့မှုကောင်းမွန်သည့် အစုအဖွဲ့များသည် နယ်ပယ်အလိုက် အောင်မြင်မှု ရရှိခဲ့ကြသည်ကို တွေ့ရှိကြရမည်**




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်နှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့ (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

☆ စာမျက်နှာ ၃ မှ

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များအနေဖြင့် မူလတာဝန်များကိုသာမက တပ်မတော်၏ အဓိကလုပ်ငန်းကြီးသုံးခုတွင် ပါဝင်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်ပတ်သက်ပြီး ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းအပြင် ယင်းနောက်ပိုင်း ဖြစ်ပွားခဲ့သည့် အခြားသော သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

**ဆောင်ရွက်ပေးလျက်ရှိ**

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များ၏ ပညာရပ်ပိုင်းဆိုင်ရာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ ခေတ်မီခဲယမ်းမီးကျောက်များနှင့် စစ်လက်နက်ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်ပနိုင်ငံများသို့လည်း ပညာတော်သင်များ စေလွှတ်ပေးပြီး သင်ယူခဲ့သည့် ပညာရပ်များကို မိမိတို့၌ရှိပြီး ပညာရပ်များနှင့် ပေါင်းစပ်ပြီး စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း/တပ်ဖွဲ့များက အရာရှိ/စစ်သည်များကိုလည်း သိရှိနားလည်အောင် သင်ကြားလေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ အနေဖြင့် တိုက်ပွဲဝင်စစ်သည်များအတွက် လက်နက်/ ခဲယမ်းများ သယ်ယူထောက်ပံ့ပို့ဆောင်ပေးရသည့် လုပ်ငန်းများအပြင် တပ်မတော်သားများအတွက် လိုအပ်သည့် စစ်ဝတ်တန်ဆာပလာပစ္စည်းများ၊ စစ်အသုံးအဆောင်ပစ္စည်းများနှင့် ပြည်သူလူထုအတွက် လိုအပ်သည့် ဈေးကွက်ဝင်ပစ္စည်းများကိုပါ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိကြောင်း။

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ ကွပ်ကဲမှုအောက်တွင်ရှိသည့် တပ်မတော်စက်ရုံများအနေဖြင့် ပြည်ပနိုင်ငံထုတ် စစ်ဝတ်တန်ဆာပလာများအပေါ် အမှီအခိုကင်းပြီး မိမိတပ်မတော်၏ ပြည်တွင်းစက်ရုံများတွင် ထုတ်လုပ်သော အရည်အသွေးမြင့် စစ်လက်နက်ပစ္စည်းများဖြင့် တပ်မတော်တစ်ရပ်လုံး၏ လိုအပ်ချက်များကို ပြည့်ဝစွာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပိုလျှံစက်စွမ်းအားများဖြင့် ပြည်သူလူထုကို အထောက်အကူပြုသည့် ဈေးကွက်ဝင် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမှန်၊ ကုန်ပစ္စည်းမှန်၊ အရည်အသွေးမှန်ကန်စွာဖြင့် သက်သာစွာ ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ထိုသို့ ပြည်တွင်းစက်ရုံများ၏ ထုတ်လုပ်ရောင်းချပေးခြင်းအားဖြင့် နိုင်ငံတော်၏ သွင်းကုန်အစားထိုးရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး၊ တစ်နည်းအားဖြင့် Importer မှ Exporter သို့ ဦးတည်ချက်နှင့်အညီ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

(၇၅)နှစ်တာကာလအတွင်း စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များအနေဖြင့် ပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်အတွက် ဇေယျကျော်ထင်ဘွဲ့ရရှိသူ သုံးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ လေးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူ ၃၃ ဦး၊ စီမံထူးချွန် တံဆိပ်(ဒုတိယဆင့်)ရရှိသူ နှစ်ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ရရှိသူ တစ်ဦး၊ စက်မှုစီးပွား(တတိယဆင့်) ရရှိသူ တစ်ဦးရရှိခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း။

**ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်**

မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကာလအတွင်း တပ်မတော်၏ ဦးဆောင်မှု အခန်းကဏ္ဍအောက်တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သည့် စစ်လက်နက် ပစ္စည်းတပ်သည် ယနေ့တွင် ပင်စည်ကြီးကြီးမားမားဖြင့် အကိုင်းအခက်များ ဝေဆာနေသည့် တပ်ဖွဲ့တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များအပေါ် ဦးလည်မသုန်ထမ်းရွက်နိုင်ခဲ့ကြသည်မှာ (၇၅)နှစ်တာခရီးက သက်သေပြခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းအစဉ်အလာကောင်းများကို လက်ဆင့်ကမ်း တာဝန်ယူထိန်းသိမ်းသွားကြပြီး အနာဂတ်တပ်မတော်နှင့် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် ပေးအပ်သွားကြရန်နှင့် ချမှတ်ထားသည့် မိမိတို့၏ ကြွေးကြော်သံ၊ ဆောင်ပုဒ်များအတိုင်း ကျရာတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်နိုင်ကြရန်တိုက်တွန်းပါကြောင်းနှင့် ယခုကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုတပ်ဖွဲ့နေ့မှသည် နောင်လာမည့်ရတုများစွာတိုင် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အဓွန့်ရှည် တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက်စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်က စစ်လက်နက်ပစ္စည်းတပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အထိမ်းအမှတ်မှတ်တမ်း Documentary Video ကိုပြသသည်။ ထို့နောက် (၇၅)နှစ်မြောက်စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြင့် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက်စိန်ရတု စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တက်ရောက်လာကြသည့် အငြိမ်းစား စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တက်ရောက်လာကြသူများနှင့်အတူ(၇၅)နှစ်မြောက် စိန်ရတု စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတု စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားတပ်မတော်မှ စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမဒုတိယကြည်းတပ်ဦးစီးချုပ် Colonel–General Kim Alexey Rostislavovich နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အပြန်အလှန်ဆွေးနွေး**

အစည်းအဝေးတွင် မြန်မာ–ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး မြန်မာ–ရုရှား ပူးတွဲအကြမ်းဖက်တိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌများက အစည်းအဝေးမှတ်တမ်းကို အတည်ပြုလက်မှတ်ရေးထိုးကြကာ အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် မြန်မာ–ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမဒုတိယကြည်းတပ်ဦးစီးချုပ် Colonel–General Kim Alexey Rostislavovich တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မိတ်ဆုံစားပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာအခန်းကဏ္ဍအသီးသီးတွင် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေကြသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ မိသားစုနေ့လယ်စာ မိတ်ဆုံစားပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရုံးအမှတ်(၃၆) ဝန်ကြီးဌာန စုပေါင်းစားရိပ်သာ၌ ကျင်းပသည်။

မိသားစု နေ့လယ်စာ မိတ်ဆုံစားပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်အောင် ဆောင်ရွက်မှုများသည် တာဝန်ရှိသူအဆင့်ဆင့်သော ဝန်ထမ်းများ၏ တာဝန်သိမှု၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း၊ ယခုလို မိတ်ဆုံစားပွဲမှတစ်ဆင့် မိမိတို့၏ အခက်အခဲများကိုလည်း ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် တိုင်ပင်ညှိနှိုင်း ဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကျရာကဏ္ဍအသီးသီးမှ ညီညွတ်စွာဖြင့် ဝိုင်းဝန်းလက်တွဲ၍ ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆)ရှိ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ၏ (၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှစ၍ အတိုးနှုန်းသက်သာသည့် ချေးငွေအဖြစ် တောင်သူ တစ်ဦးချင်း ငွေကျပ်သိန်း ၇၀၀ ထိ နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးသည့် စီမံကိန်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလကုန်ထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၈၇ ခုမှ တောင်သူ ၅၅၉၂ ဦးသို့ ထွန်စက်ကြီး ၂၆၇၇ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၂၆၆၅ စီး၊ ထော်လာဂျီ ၂၁၅ စီး၊ လက်တွန်းထွန်စက် ၂၈ စီး၊ ဆန်စက် နှစ်လုံး၊ ကောက်စိုက်စက် နှစ်စီး၊ အခြောက်ခံစက် သုံးလုံးတို့အတွက် ချေးငွေကျပ် ၂၃၀ ဒသမ ၉၄၇ ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ချေးငွေရယူလိုသည့် တောင်သူများသို့ ချေးငွေသစ်များကို စဉ်ဆက်မပြတ် ထုတ်ချေးပေးလျက်ရှိကြောင်း၊ တောင်သူများ၏ ဝင်ငွေတိုးတက်လာစေပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုသည့် စီမံကိန်းဖြစ်၍ မိမိတို့ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်နှင့် ဘဏ်ခွဲ အဆင့်ဆင့်တို့က တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် Evaluation & Monitoring ကို စဉ်ဆက်မပြတ် ပြုလုပ်ပြီး စီမံကိန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများက Two Step Loan ချေးငွေထုတ်ချေးထားမှုနှင့် ဆက်လက်ထုတ်ချေးမည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြရာ ဦးဆောင်ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့၌ ဒီရေတောကဏာန်း သဃံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

**သထုံ ဒီဇင်ဘာ ၁**

သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မွန်ပြည်နယ် ရေလုပ်သားဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဒီရေတောကဏာန်းသဃံဇာတထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို မွန်ပြည်နယ် ငါးလုပ်ငန်းစခန်း(သထုံ)ရှိ သင်တန်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းက ငါးလုပ်ငန်းဦးစီးဌာနမှ သဃံဇာတထိန်းသိမ်းရေးဆောင်ရွက်နေမှုများ၊ ဒီရေတောကဏာန်းများ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ရေနေရှားပါး မျိုးသုဉ်းပျောက်ကွယ်နိုင်သော ရေနေနို့တိုက်သတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကို ဟောပြော အသိပညာပေးခဲ့ပြီး ဒုတိယဦးစီးမှူး ဦးဟန်ဝင်းရွှေက ကဏာန်းထိန်းသိမ်းရေးဇုန်ထားရှိမှု၊ ဈေးကွက်မဝင် ကဏာန်းငယ်များ ဖမ်းဆီးရောင်းဝယ်မှု မရှိစေရေးနှင့် ရောဂါကင်းစင်သော ရေထွက်ကုန်များရရှိရေးတို့ကို ဆွေးနွေးဟောပြောပေးခဲ့သည်။

**သတင်းစဉ်**

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

# နေပြည်တော် ပညာ့ရတနာ Naypyitaw State Academy

## တက္ကသိုလ်ဆရာတစ်ဦး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ပညာရေးကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် အားပေးနေသည်ကို ပြသလိုက်ခြင်း ဖြစ်ပါသည်။**



Naypyitaw State Academy အဆောက်အအုံကို တွေ့ရစဉ်။

ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အစိုးရက ပညာရေးကို အားပေးလျက်ရှိပါသည်။ တိုးတက်သောတိုင်းပြည်တိုင်းသည် ပညာတတ်များပေါများပြီး နိုင်ငံအတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများ အပါအဝင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုများကို အဆိုပါပညာတတ်များက ဦးဆောင်ကူညီပေးနေသည်ကို တွေ့ရပါသည်။ ဤနေရာတွင် တက္ကသိုလ် ( University ) အကြောင်းကို အနည်းငယ်မျှ ရေးသားလိုပါသည်။

**တက္ကသိုလ်ဆိုသည်မှာ**

တက္ကသိုလ်ဆိုသည်မှာ ပညာပို့ချပေးရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ပံ့ပိုးပေးခြင်းနှင့် ဘွဲ့ အပ်နှင်းခြင်း ပြုလုပ်နိုင်သော အဖွဲ့အစည်းကို ယူနီဗာစီတီ ( တက္ကသိုလ် ) ဟု ခေါ်သည်ဟု မှတ်သားဖူးပါသည်။

စာရေးသူသည် တက္ကသိုလ်နယ်မြေနှင့် ပညာရေးသုတေသန၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စသည်တို့တွင် နှစ်ပေါင်း ၃၇ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မြန်မာနိုင်ငံပညာရေးကို များစွာစိတ်ဝင်စားသဖြင့် လေ့လာခဲ့ဖူးပါသည်။

တက္ကသိုလ်ဆိုသည်မှာ နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရတနာဖြစ်ပါသည်။ တက္ကသိုလ်ကို အဆင့်မြှင့်တင်မည်ဆိုလျှင် နိုင်ငံစုံမှ အဆင့်မြင့်ထိပ်တန်းတက္ကသိုလ်များကို နမူနာယူ၍ လေ့လာသင့်ပါသည်။ တက္ကသိုလ်ကောင်းတစ်ခု၏ အင်္ဂါရပ်များကို အဖွဲ့အစည်းအသီးသီးမှ သက်ဆိုင်ရာ "စံ" သတ်မှတ်ချက်များနှင့် အကဲဖြတ်လေ့ရှိကြပါသည်။ အများစုမှာ (၁) တက္ကသိုလ်၏ သုတေသနအရည်အသွေး၊ (၂) ဘွဲ့ရများ၏ အလုပ်အကိုင်အခြေအနေ၊ (၃) တက္ကသိုလ်၏ နိုင်ငံခြားဆက်ဆံရေး၊ (၄) တက္ကသိုလ်၏ ကျောင်းသားနှင့်ဆရာ အချိုးတို့ကို အဓိကအခြေခံပါသည်။

အဆင့်မြင့်တက္ကသိုလ်များတွင် ဂုဏ်ယူလောက်သော ပရဝဏ်နှင့် အဆောက်အအုံများရှိခြင်း၊ National Landmark များအဖြစ် တည်ရှိခြင်း၊ တော်သောဆရာ၊ တော်သောကျောင်းသားများကို ရွေးချယ်မွေးမြူကာ လေ့ကျင့်ပေးနေခြင်း၊ ကောင်းသောပညာဝန်းကျင် (Academic Atmosphere ) ရှိခြင်း၊ မိမိနှစ်သက်ရာ ပညာရပ်နယ်ပယ်ကို အထူးအလေးပြုကာ သုတေသနပြုနိုင်ရန် ငွေကြေးထောက်ပံ့မှုရှိခြင်း၊ စာကြည့်တိုက်ကောင်းရှိခြင်း၊ သုတေသနလုပ်ငန်းများအတွက် ပစ္စည်းကိရိယာ စုံလင်ခြင်း၊ ကျောင်းသား ကျောင်းသူအဆောင်များ၊ မိသားစုနေအိမ်၊ စားသောက်ဆိုင်များ၊ ဈေးနှုန်းသင့်တော်သော စတိုးဆိုင်များ၊ အားကစား အပန်းဖြေနည်းအစုံ၊ ဝါသနာပါရာ အနုပညာ လိုက်စားစရာ အစုံအလင်ရှိသော ပျော်ရွှင်ဖွယ်ရာ အဖွဲ့အစည်းဖြစ်ခြင်း စသည့်အချက်များ ပါဝင်ပါသည်။

> **တက္ကသိုလ်နှင့် အကယ်ဒမီသည် ပညာရပ်များကို သင်ကြားပေးသည့်နေရာများ ဖြစ်ပါသည်။ အကယ်ဒမီသည် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပိုမိုဦးစားပေး သင်ကြားပေးပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျောင်းသားများအား တတ်ကျွမ်းနားလည်အောင် သင်ကြားပေးနိုင်သော ဆရာ ဆရာမကောင်းများစွာဖြင့် သင်ကြားပေးပြီး ဘွဲ့ရပြီးပါက သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ထူးချွန်သည့် အတတ်ပညာရှင် အသိပညာရှင်များဖြစ်ရန် မွေးထုတ်ပေးနေသည့်နေရာဖြစ်**

**ပိုမိုဦးစားပေး သင်ကြားပေး**

ယခုဖွင့်လှစ်လျက်ရှိသော Naypyitaw State Academy တွင် အကယ်ဒမီကျောင်းတစ်ခု၏ လိုအပ်ချက်များကို နိုင်ငံတော်က အတတ်နိုင်ဆုံး ပံ့ပိုးပေးထားသည်ကို တွေ့ရပါသည်။ တက္ကသိုလ်နှင့် အကယ်ဒမီသည် ပညာရပ်များကို သင်ကြားပေးသည့်နေရာများ ဖြစ်ပါသည်။ အကယ်ဒမီသည် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပိုမိုဦးစားပေး သင်ကြားပေးပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျောင်းသားများအား တတ်ကျွမ်းနားလည်အောင် သင်ကြားပေးနိုင်သော ဆရာဆရာမကောင်းများစွာဖြင့် သင်ကြားပေးပြီး ဘွဲ့ရပြီးပါက သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ထူးချွန်သည့် အတတ်ပညာရှင် အသိပညာရှင်များဖြစ်ရန် မွေးထုတ်ပေးနေသည့်နေရာဖြစ်ပါသည်။

**ဖွင့်လှစ်သင်ကြားလျက်ရှိ**

မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာနအောက်၌ တက္ကသိုလ်ဒီဂရီကောလိပ် ၇၅ ကျောင်းနှင့် ဝန်ကြီးဌာန ၁၁ ခု၏ တက္ကသိုလ်ဒီဂရီကောလိပ်ကျောင်းများ အပါအဝင် စုစုပေါင်း ၁၇၅ ကျောင်းကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က "ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုကို အခြေခံသည့် သင်ကြားသင်ယူမှုကို အလေးထားအားပေးပြီး အသုံးချသုတေသနများနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များ မွေးထုတ်ပေးရာ ဦးဆောင်တက္ကသိုလ် ဖြစ်စေရန်အတွက် ဦးတည်ချက်ထား ကြိုးပမ်းသွားကြရမည် " ဟု Naypyitaw State Academy ဖွင့်ပွဲတွင် ထည့်သွင်း ပြောကြားသွားပါသည်။ ဤအချက်မှာ နိုင်ငံတော်အကြီးအကဲက နိုင်ငံအကျိုးပြု ထိပ်တန်းတက္ကသိုလ်ဖြစ်ရန် လိုအပ်ချက်ကို အသိပေးလမ်းညွှန်သွားခြင်းပင် ဖြစ်ပါသည်။

> **နိုင်ငံတော်အစိုးရ၏ အားပေးမှုနှင့် ယခုဖွင့်လှစ်လိုက်သော Naypyitaw State Academy ကြီးကို တက္ကသိုလ်ဆရာ ဆရာမများ၊ စီမံခန့်ခွဲရေးဝန်ထမ်းများ၊ တက္ကသိုလ်နယ်မြေဝန်ထမ်းများက ပညာသင်ကြားရန် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများနှင့်အတူ နိုင်ငံတော်အဆင့်မှသည် ကမ္ဘာ့အဆင့် ထိပ်တန်းပညာရေးများ သင်ကြားပေးနေသော အကယ်ဒမီကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားသွားကြမည်ဟု ယုံကြည် ...**

မြန်မာနိုင်ငံတွင် ရန်ကုန်တက္ကသိုလ်သည် တစ်ချိန်က အာရှတိုက်တွင် ဂုဏ်ယူခဲ့ရသောတက္ကသိုလ် ဖြစ်ပါသည်။ ယခုအခါတွင်လည်း ထိုအခြေအနေကို ရောက်ရှိရန် ကြိုးစားနေကြပါသည်။ နေပြည်တော်မြို့တော်သည် ဝန်ကြီးဌာနပေါင်းစုံ ရုံးစိုက်ရာမြို့တော်ဖြစ်သဖြင့် ဝန်ကြီးဌာနအသီးသီးရှိကျွမ်းကျင်ပညာရှင်ကြီးများက Naypyitaw State Academy ကို သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အသီးသီးတွင် ပါဝင်ကူညီဆောင်ရွက်ကာ အားဖြည့်ပေးမည် ဖြစ်ပါသည်။ နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းသားသမီးများအတွက် အိုးမကွာ အိမ်မကွာ တက်ရောက်ပညာသင်ကြားနိုင်သည့် အခွင့်အရေးလည်း ရရှိနိုင်ပါသည်။

**ဝိုင်းဝန်းကြိုးစား**

နိုင်ငံတော်အစိုးရ၏ အားပေးမှုနှင့် ယခုဖွင့်လှစ်လိုက်သော Naypyitaw State Academy ကြီးကို တက္ကသိုလ်ဆရာ ဆရာမများ၊ စီမံခန့်ခွဲရေးဝန်ထမ်းများ၊ တက္ကသိုလ်နယ်မြေဝန်ထမ်းများက ပညာသင်ကြားရန် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများနှင့်အတူ နိုင်ငံတော်အဆင့်မှသည် ကမ္ဘာ့အဆင့် ထိပ်တန်းပညာရေးများ သင်ကြားပေးနေသော အကယ်ဒမီကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားသွားကြမည်ဟု ယုံကြည်မိပါတော့သည်။ ။

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၂ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ နေပြည်တော်တွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရည်ရွယ်ကျင်းပ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ် ဒီဇင်ဘာ ၁ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ပြည်သူလူထုတစ်ရပ်လုံးက နိုးကြားတက်ကြွစွာပူးပေါင်းပါဝင်၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်ထား၍ ကျင်းပကြကြောင်း။

ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Equalize" "အေအိုင်ဒီအက်စ်ပပျောက်ဖို့ မညီမျှမှုများလျှော့ချလို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" ဖြစ်ပြီး အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကင်းဝေးသော အနာဂတ်ကို ဖော်ဆောင်ရာတွင် အိပ်ချ်အိုင်ဗွီကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်း ညီတူညီမျှ လက်လှမ်းမီရရှိအောင် ဆောင်ရွက်လျက်ရှိရာတွင် မညီမျှမှုများရှိပါက ဝိုင်းဝန်းအဖြေရှာ၍ လူတိုင်းလုံခြုံစိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ခန့်မှန်းတွက်ချက်မှုအရ ၂၀၂၁ ခုနှစ်အကုန်၌ လူဦးရေ ၂၇၀၀၀၀ ကျော် အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံနေရသည့်အတွက် သုည ဒသမ ၆၄ ရာခိုင်နှုန်းအထိ ရောဂါပိုး တွေ့ရှိနေကြောင်း၊ ရောဂါအသစ်ကူးစက်ခံရမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ရောဂါပိုးအသစ်ကူးစက်ခံရသူ ၃၀၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၁၁၀၀၀ ခန့်အထိ ကျဆင်းလာသည်ကို တွေ့ရကြောင်း။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖြစ်ပွားမှုနှုန်း အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အိပ်ချ်အိုင်ဗွီကာကွယ်ရေးနည်းဗျူဟာသစ်ဖြစ်သည့် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုမှကာကွယ်ရန် ကြိုတင်ဆေးတိုက်ကျွေးခြင်း (Pre Exposure Prophylaxis (PrEP) လုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့ပြီး ရလဒ်ကောင်းများရရှိသည့်အတွက် အမျိုးသားချင်းချစ်ခင်စုံမက်သူများအကြား PrEP ဆေးတိုက်ခြင်းအား ပုံမှန်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတစ်ခုအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၀၂၃ ခုနှစ်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးအကြောထဲထိုးသွင်းသူများအတွက် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တို့တွင် PrEP ဆေးတိုက်ကျွေးခြင်း ရှေ့ပြေးစီမံချက်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် အိပ်ချ်အိုင်ဗွီ ရောဂါပိုးရှိ၊ မရှိ မိမိဘာသာစစ်ဆေးခြင်း(Self-testing) ရှေ့ပြေးစီမံချက်ကိုလည်း ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ကြောင်း။

**အဓိကထောက်ပံ့ပေးလျက်ရှိ**

မြန်မာနိုင်ငံအတွက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ရန်ပုံငွေကို ကျန်းမာရေးဝန်ကြီးဌာနက အဓိကထောက်ပံ့ပေးလျက်ရှိပြီး ကမ္ဘာ့ရန်ပုံငွေအဖွဲ့ကလည်း ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အိပ်ချ်အိုင်ဗွီရောဂါကုသဆေး(ART) နှင့်ဆေးပစ္စည်းများ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၆ သန်းအား နိုင်ငံတော်ဘဏ္ဍာငွေမှ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ၏ ကိုယ်စား ဦးနေလင်းက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့၏ အရေးကြီးမှုနှင့် ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများ၏ လိုလားမျှော်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ခဲ့ပြီး အခမ်းအနားအထိမ်းအမှတ် ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြီး သက်ကြီးဘိုးဘွားများ စောင့်ရှောက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြောင်းလဲလာသည့် လူဦးရေတိုးနှုန်းပေါ်မူတည်ပြီး စီးပွားရေးဆိုင်ရာမူဝါဒနှင့် လူမှုရေးဆိုင်ရာမူဝါဒများကို ပြန်လည်သုံးသပ်၍ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သဖြင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးအတွက် စနစ်ပိုမိုခိုင်မာ အားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန်ထိ မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အိုစောင့်ရှောက်မှုများအနေဖြင့် လူမှုရေးပိုင်းဆိုင်ရာစောင့်ရှောက်မှုနှင့် ကျန်းမာရေးပိုင်းဆိုင်ရာ စောင့်ရှောက်မှုဟူ၍ နှစ်မျိုးခွဲခြားစောင့်ရှောက်လျက်ရှိကြောင်း၊ ဘိုးဘွားများ၏ လိုအပ်ချက်များ အပေါ်မူတည်ပြီး နည်းလမ်းအသစ်များဖြင့် ပြုစုစောင့်ရှောက်ပေးရန်၊ ထောက်ပံ့ပေးရန် လိုအပ်ကြောင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ထောက်ပံ့ခဲ့ရာ လက်ရှိတွင် အကျိုးခံစားခွင့်ရှိသူ ဘိုးဘွား ၂၃၂၇၀၃ ဦး ရှိကြောင်း၊ သက်ကြီးရွယ်အိုများ ဦးဆောင်ပြီး အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ လူငယ်များပါဝင်သည့် "Inclusive Self-Help Groups" "လူမှုအားမာန်" အဖွဲ့ပေါင်း ၂၇၇ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများကိုလည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများအား နည်းစနစ်ကျကျ စောင့်ရှောက်မှုပေးနိုင်ရန် စီမံခန့်ခွဲမှုသင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သက်ကြီးရွယ်အိုများ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ သက်ကြီးရွယ်အို ဘာသာရပ်ပညာရှင် ပါမောက္ခ ဒေါက်တာဦးမြင့်ဟန်က သက်ကြီးဘိုးဘွားများ စောင့်ရှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကင်ဆာရောဂါ ဆေးပညာရပ်ဆိုင်ရာ ဥရောပအဖွဲ့အစည်း၏ အာရှဒေသ နှစ်ပတ်လည် ညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကင်ဆာရောဂါဆိုင်ရာအထူးကုဆရာဝန် ငါးဦး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁**

စင်ကာပူနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည့် ကင်ဆာရောဂါဆေးပညာဆိုင်ရာ ဥရောပအဖွဲ့အစည်း၏ အာရှဒေသနှစ်ပတ်လည် ညီလာခံ (European Society of Medical Oncology Asia Annual Congress 2022) သို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါဆေးပညာဌာနမှ ကင်ဆာရောဂါဆိုင်ရာ အထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာရွှေစင်ဝင်း၊ ဒေါက်တာအိဟေမာမြင့်ရီ၊ ဒေါက်တာနှင်းသဉ္ဇာစိုး၊ ဒေါက်တာသီရိထွန်း၊ အထွေထွေရောဂါကုဆေးရုံကြီး (ပြည်မြို့)မှ ဒေါက်တာ သက်နှင်းဖြူတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ကင်ဆာရောဂါ ဆေးပညာဆိုင်ရာ ဥရောပအဖွဲ့အစည်း၏ အာရှဒေသ နှစ်ပတ်လည် ညီလာခံသည် ကမ္ဘာတစ်ဝန်းမှ ကင်ဆာရောဂါဆေးပညာရှင်များ စုစည်းကာ ကင်ဆာရောဂါကုသမှုများနှင့် စပ်လျဉ်း၍ နောက်ဆုံးပေါ်တွေ့ရှိချက်များ၊ တိုးတက်မှုများအား မျှဝေကြသည့် နှစ်စဉ်ကျင်းပသော ညီလာခံဖြစ်ပြီး ယင်းညီလာခံကို တက်ရောက်ခြင်းအားဖြင့် နိုင်ငံတကာမှ ဆေးပညာရှင်များနှင့်လည်း အတွေ့အကြုံများ ဖလှယ်နိုင်သည့်အပြင် မြန်မာနိုင်ငံရှိ ကင်ဆာရောဂါဝေဒနာရှင်များအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်၊ လွယ်ကူအားထား မီးရထား(၁)

အောင်ကျော်သက်(ရွှေတာမြေ)

မြန်မာ့မီးရထားအနေဖြင့် ယခုနှစ် မေလ ၁ ရက်နေ့က သက်တမ်း ၁၄၅ နှစ်ဆိုသည့် ဘူတာစဉ်အမှတ်ကို ဖြတ်ကျော်ခုတ်မောင်းခဲ့ပြီဖြစ်သည်။ မြန်မာ့မီးရထားပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း ပြန်ပြောင်းကြည့်ရလျှင် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံကို ဒုတိယအကြိမ်ကျူးကျော်သိမ်းပိုက်ပြီးနောက် အောက်မြန်မာပြည်၏ လမ်းပန်းဆက်သွယ်ရေးမှာ လူသွားလမ်း၊ လှည်းလမ်းကြောင်းများနှင့် မြစ်ချောင်းတို့တွင် လှေသမ္ဗန်များဖြင့်သာ ဆက်သွယ်သွားလာလျက်ရှိခြင်း၊ ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်းဖွင့်လှစ်ပြီးနောက် အဓိကဒေသထွက်ကုန်ဖြစ်သည့် ဆန်နှင့်အခြားပို့ကုန်များ တင်ပို့မှုတိုးတက်လာခြင်းနှင့် အထက်မြန်မာပြည်ကို အုပ်ချုပ်လျက်ရှိသည့် မြန်မာဘုရင်က စစ်တုံ့ပြန်သည့်အခါ ၎င်းတို့၏ ဗြိတိသျှစစ်တပ်နှင့် စစ်လက်နက်ပစ္စည်းများကို အလျင်အမြန် ရွှေ့ပြောင်းပို့ဆောင်နိုင်ရန်တို့အတွက် ရထားလမ်းဖောက်လုပ်ရန် သုံးသပ်လာကြသည်။

**ရန်ကုန်-ပြည် မီးရထားလမ်း**

ထို့ကြောင့် အိန္ဒိယဘုရင်ခံအနေဖြင့် ရန်ကုန်မှ ပြည်မြို့သို့ ရထားလမ်းဖောက်လုပ်ရန် အာရုံစိုက်လာပြီး ၁၈၆၈ ခုနှစ်တွင် အောက်မြန်မာပြည်၏ မဟာမင်းကြီးဖြစ်သူ 'ဆာအက်ရှ်လေ အီဒင်' (Sir Ashley Eden)က ရန်ကုန်-ပြည် မီးရထားလမ်းအတွက် ကုန်ကျစရိတ်ကို တွက်ချက်၍ အိန္ဒိယအစိုးရထံသို့ တင်ပြခဲ့ရာ ၁၈၇၄ ခုနှစ် စက်တင်ဘာလတွင် အထူးပြည်သူ့လုပ်ငန်းတစ်ရပ် အနေဖြင့် ချက်ချင်း အကောင်အထည်ဖော်ရန် ခွင့်ပြုပေးခဲ့သည်။ ထိုခွင့်ပြုချက်အရ မီးရထားလမ်းအရှည် ၁၆၁ မိုင် ရှည်လျားသည့် ရန်ကုန်-ပြည် မီးရထားလမ်းကို ဖောက်လုပ်ခဲ့ရာ ၁၈၇၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။

၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်ဘူတာကြီး၌ ပထမဆုံးမီးရထားပြေးဆွဲမှုဖွင့်လှစ်ပွဲပြုလုပ်၍ 'ရန်ကုန်နှင့် ဧရာဝတီမြစ်ဝှမ်း အစိုးရမီးရထား' (The Rangoon and Irrawaddy Valley State Railway) အမည်ဖြင့် စတင်ပြေးဆွဲဖွင့်လှစ်ခဲ့သည်။ ပထမဆုံး စတင်ပြေးဆွဲခဲ့သည့် မီးရထားစက်ခေါင်းမှာ အလျား ၂၂ ပေ ၁ လက်မ၊ အမြင့် ၁၀ ပေ ၃ လက်မ၊ ဆွဲအား ၃၈၅၇ ပေါင်နှင့် အလေးချိန် ၁၇ ဒသမ ၆၅ တန်ရှိသည့် အေဇီးရိုးဝမ်း (A 01) စက်ခေါင်းဖြစ်သည်။ ၎င်းရထားတွင် တွဲပေါင်း ၁၂ တွဲပါဝင်ပြီး ပထမတန်းတွဲ၌ မင်းကြီးမစ္စတာရိဖာသွန်မဆင်နှင့် အထူးဧည့်သည်တော်များ စီးနင်းလိုက်ပါခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာ့မီးရထားပြေးဆွဲမှု သမိုင်းမှတ်တိုင်သည် ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်ခဲ့လေသည်။ မြန်မာ့မီးရထားလုပ်ငန်းသည် အင်္ဂလန်နိုင်ငံ၌ ကမ္ဘာ့ပထမဆုံး ပြေးဆွဲခဲ့သည့် မီးရထားထက် ၅၂ နှစ်၊ အိန္ဒိယနိုင်ငံ၌ ပြေးဆွဲခဲ့သည့် မီးရထားထက် ၂၄ နှစ် နောက်ကျပေါ်ပေါက်ခဲ့ပြီး အရှေ့တောင်အာရှ နိုင်ငံများထဲတွင် ပထမဦးဆုံး ပြေးဆွဲနိုင်ခဲ့သည့်အတွက် သက်တမ်းအရင့်ဆုံး ရထားပြေးဆွဲမှုလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။



နေပြည်တော် ဘူတာကြီးကို တွေ့ရစဉ်။

ဒုတိယကမ္ဘာစစ် မတိုင်မီအထိ ကမ္ဘာ့နိုင်ငံများ၏ သယ်ယူပို့ဆောင်ရေးစနစ်သည် မီးရထားသယ်ယူပို့ဆောင်ရေးစနစ်အပေါ်တွင်သာ အဓိက မှီခိုခဲ့ကြရသည်။ နောက်ပိုင်းတွင် မော်တော်ကားများ ပိုမိုတိုးတက်ထုတ်လုပ်လာခဲ့ကြပြီး မော်တော်ကားများကို ကိုယ်ပိုင်သုံးရန် ဝယ်ယူနိုင်သည်အထိ တစ်ဦးချင်းဝင်ငွေမြင့်မားလာခဲ့ကြသဖြင့် မီးရထားဖြင့် သွားလာပို့ဆောင်ရေးထက် မော်တော်ကားများဖြင့် သယ်ယူပို့ဆောင်ခြင်းများကို အားထားလာခဲ့ကြသည်။ ထို့ပြင် မော်တော်ကားဖြင့် သယ်ယူပို့ဆောင်ခြင်း နည်းလမ်း၏ အဓိကအားသာချက်မှာ Door to Door စနစ်ကြောင့် မော်တော်ကားများကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာကြခြင်းလည်း ဖြစ်သည်။ ဆိုလိုသည်မှာ ခရီးသွားပြည်သူတစ်ဦးအနေဖြင့် နေအိမ်မှ ၎င်းပြည်သူသွားလာလိုသည့်နေရာအထိ မော်တော်ကားများဖြင့် တစ်ဆက်တည်းသွားလာနိုင်သကဲ့သို့ ကုန်စည်ပို့ဆောင်ရေးတွင်လည်း စက်ရုံ/အလုပ်ရုံမှ ဈေးကွက်ထဲအထိ အရောက်ပို့ဆောင်ပေးနိုင်ခြင်းကြောင့် မော်တော်ကားဖြင့် သယ်ယူပို့ဆောင်ခြင်းနည်းလမ်းမှာ ပိုမိုတွင်ကျယ်လာခဲ့သည်။

**ကြုံတွေ့လာရ**

သို့ရာတွင် မော်တော်ကားများကို အသုံးပြု၍ သွားလာပို့ဆောင်ခြင်းသည် ကောင်းကျိုးရှိသကဲ့သို့ ဆိုးကျိုးများလည်း ရှိနေသည်။ အိမ်ရှေ့မျက်နှာစာပေါ်တီကိုသို့ အရောက်ပို့ဆောင်နိုင်သော မော်တော်ကားသည်လည်း စီးနင်းလိုက်ပါနိုင်သည့် လူဦးရေ၊ တင်ဆောင်နိုင်သည့် ကုန်စည်များ၏ အလေးချိန်တို့တွင် ကန့်သတ်ချက်များရှိနေခြင်း၊ ယာဉ်ကြော ကျပ်တည်းခြင်းကြောင့် ယာဉ်ပေါ်လိုက်ပါလာသူ တစ်ဦးချင်းစီ၏ အချိန်နှင့် လုပ်အားဆုံးရှုံးခြင်း၊ သွားလာချိန် ကြာမြင့်သည်နှင့်အမျှ စက်သုံးဆီသုံးစွဲမှုကို မြင့်တက်စေပြီး ပို့ဆောင်ရေးစရိတ် မြင့်တက်ခြင်းနှင့်အတူ ကုန်စည်များ၏ ဈေးနှုန်းအပေါ် သက်ရောက်သဖြင့် ကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်း၊ လောင်စာဆီလောင်ကျွမ်းမှုမှ တစ်ဆင့် ထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့် လေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေပြီး မြို့ပြနေလူထု၏ ကျန်းမာရေးအရည်အသွေး နိမ့်ကျလာခြင်း၊ ထိုမှတစ်ဆင့် ရာသီဥတုများ ဖောက်ပြန် ပြောင်းလဲလာခြင်းနှင့် ထုတ်ကုန်အမြောက်အမြားကို သယ်ယူပို့ဆောင်ခြင်းတွင် ကားအစီးရေ အများအပြားအသုံးပြုရခြင်းအတွက် ငွေကုန်ကြေးကျ များပြားခြင်းတို့နှင့် ကြုံတွေ့လာရသည်။

လူအမြောက်အမြားနှင့် ကုန်စည်အများအပြားကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်စုတစ်စည်းတည်း ပို့ဆောင်ပေးနိုင်သည့် တစ်ခုတည်းသော အဖြေနည်းလမ်းသည် မီးရထားသယ်ယူပို့ဆောင်ရေးစနစ်တွင်သာ ရှိသည်။ **မီးရထားသယ်ယူပို့ဆောင်ရေးစနစ်သည် လူ အမြောက်အမြားကို အချိန်တိုအတွင်း တစ်ပြိုင်တည်း ပို့ဆောင်ပေးနိုင်သည့် လုံခြုံစိတ်ချရသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်ချိန်များတွင်လည်း ပြည်သူအများအပြားကို ဘေးလွတ်ရာသို့ အရေးပေါ် ရွှေ့ပြောင်းပို့ဆောင်ပေးနိုင်သည်။** သို့ရာတွင် မီးရထားသယ်ယူပို့ဆောင်ရေးစနစ်၏ ကနဦး ကုန်ကျစရိတ်မှာ အဆမတန်များပြားလွန်းသည့်အတွက် ကမ္ဘာအနှံ့ရှိ မီးရထားလုပ်ငန်း အများစုတွင် အစိုးရများအနေဖြင့် အနည်းနှင့်အများဆိုသလိုပင် အရှုံးပေါ်လျက်ရှိသည်။ မြန်နှုန်းမြင့် ကျည်ဆန်ရထားပြေးဆွဲရာတွင် ကမ္ဘာ့နံပါတ်တစ်ဟုနာမည်ကြီးသည့် ဂျပန်နိုင်ငံ၏ ရထားလုပ်ငန်းကို လေ့လာကြည့်ရာတွင် ရထားပြေးဆွဲဝန်ဆောင်မှုလုပ်ငန်း၌ အရှုံးပေါ်လျက်ရှိသော်လည်း ရထားမြေပေါ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် အခြားသော စီးပွားရေးလုပ်ငန်းတချို့မှ ရရှိသည့်ဝင်ငွေနှင့် အရှုံးကို ကာမိစေပြီး အမြတ်အစွန်းရနေကြောင်း တွေ့ရှိရသည်။ အချို့သောနိုင်ငံများတွင် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ကာလရှည်စာချုပ်များ ချုပ်ဆိုကာ နှစ်ရှည်စီမံကိန်းကြီးများ ချမှတ်ဆောင်ရွက်ကြရသည်။ နှစ်စဉ်လည်း အစိုးရဘတ်ဂျက်အတွင်းမှ မီးရထားသယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် ထိုက်သင့်သည့် အချိုးအစားတစ်ခုဖြင့် မပြတ် ထောက်ပံ့ပေးထားရသည်။


> “မီးရထားသယ်ယူပို့ဆောင်ရေးစနစ်သည် လူအမြောက်အမြားကို အချိန်တိုအတွင်း တစ်ပြိုင်တည်းပို့ဆောင်ပေးနိုင်သည့် လုံခြုံစိတ်ချရသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်ချိန်များတွင်လည်း ပြည်သူအများအပြားကို ဘေးလွတ်ရာသို့ အရေးပေါ် ရွှေ့ပြောင်း ပို့ဆောင်ပေးနိုင်သည်။ သို့ရာတွင် . . .”

**စာမျက်နှာ ၉ သို့** ☆

# SEANF ၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁**

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum)၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို SEANF ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူသည့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်က နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ ဇမ်ဘိုအမ်ဂါမြို့၌ Hybrid Format ဖြင့် ကျင်းပခဲ့ရာ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များက In-person အနေဖြင့် တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာဘွမ်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ဝန်ထမ်းသုံးဦးတို့က Online Platform အသုံးပြု၍ တက်ရောက်ခဲ့ကြသည်။




အစည်းအဝေးတွင် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များက နိုင်ငံမဲ့ဖြစ်မှုကို တားဆီးကာကွယ်ရေးနှင့် နိုင်ငံမဲ့ဖြစ်နေသူများ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခြင်း၊ ဖိုရမ်၏ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး ကာလနောက်ပိုင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း တစ်ရပ်ချင်းအလိုက်၏ ဆောင်ရွက်ချက်များနှင့် အဓိကဖြစ်ပေါ် တိုးတက်မှုကိစ္စရပ်များ တင်ပြဆွေးနွေးခြင်း၊ ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍ ဦးစားပေးအကြောင်းအရာ (၅) ရပ်အလိုက် တာဝန်ယူထားသည့် ဖိုရမ်အဖွဲ့ဝင်ကော်မရှင်များက ဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြခြင်း၊ SEANF နှင့် AICHR ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခြင်း၊ SEANF နှင့် Plan International၊ ANNI တို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခြင်းစသည့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသော ကိစ္စရပ်များကို ဆွေးနွေးသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးကာလနောက်ပိုင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အဓိကဖြစ်ပေါ် တိုးတက်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသည့် ဖိုရမ်၏မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆)၏ ဦးစားပေးအကြောင်းအရာ (၂)ဖြစ်သော "စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရေး"နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စများနှင့် အထွေထွေဆွေးနွေးမှုများတွင် သုံးသပ်အကြံပြုဆွေးနွေးခဲ့သည်။

နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ၂၀၂၃ ခုနှစ်တွင် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ဖိုရမ်ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ **သတင်းစဉ်**

# သထုံမြို့၌ မီးခိုးမြူငွေ့အန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**သထုံ ဒီဇင်ဘာ ၁**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်းကာ ယနေ့မွန်းလွဲပိုင်းက မီးခိုးမြူငွေ့အန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအစီအစဉ်ကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အသိပညာပေးဆွေးနွေးပွဲအစီအစဉ် ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး သထုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာငြိမ်းက လေထုညစ်ညမ်းမှုဖြစ်စေသည့် အကြောင်းရင်းများ၊ ကမ္ဘာကြီး၏ အဘက်ဘက်မှ ယိုယွင်းပျက်စီးနေမှုများနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ အကြောင်းရင်းတစ်ခုဖြစ်သည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ၊ မီးခိုးမြူငွေ့များ ဖြစ်ပေါ်လာရသည့် အခြေခံအကြောင်းရင်းများ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များနှင့် မီးခိုးမြူငွေ့များကြောင့် လူသားတို့အပါအဝင် သက်ရှိသက်မဲ့ သယံဇာတအရင်းအမြစ်တို့အပေါ် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများ၊ တောမီးလောင်ခြင်းကြောင့် ဖြစ်ပေါ်လာရသည့် သစ်တောသစ်ပင်ပျက်စီးမှု၊ မြေဆီလွှာပျက်စီးမှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ စသည့် မီးခိုးမြူငွေ့အန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးကြသည်။ **ခရိုင်(ပြန်/ဆက်)**

☆ စာမျက်နှာ ၈ မှ

အိန္ဒိယနိုင်ငံတွင် ရထားသယ်ယူပို့ဆောင်ရေးအတွက် နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကို လျာထားခွဲဝေပေးလျက်ရှိပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကို လျာထားခွဲဝေပေးလျက်ရှိသည်။ ဤနည်းဖြင့် အများပြည်သူသုံး မီးရထားသယ်ယူပို့ဆောင်ရေးစနစ်ကို အသက်ဝင်ရှင်သန်နိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိနေသည်။ မျှော်မှန်းရလဒ်အနေဖြင့် ၎င်းနိုင်ငံများ၌ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် တစ်နိုင်ငံလုံး၏ ၉၀ ရာခိုင်နှုန်းကို ရထားလုပ်ငန်းက ပိုင်ဆိုင်လျက်ရှိသည်။ ဤသို့ဖြင့် ကနဦးတွင် အရှုံးနှင့်စတင်ရသော်လည်း ရေရှည်တွင် နိုင်ငံအတွက်ရော အများပြည်သူအတွက်ပါ နှစ်ဖက်အကျိုးရှိသည့်လုပ်ငန်းတစ်ခုလည်းဖြစ်သည်။

## မှီခိုအားထားလျက်ရှိ

မိမိတို့နိုင်ငံတွင် မီးရထားသယ်ယူပို့ဆောင်ရေးကို အခြေခံလူတန်းစားအများအပြား မှီခိုအားထားလျက်ရှိသည်။ သို့ရာတွင် အဘက်ဘက်မှ ယိုယွင်းအိုမင်းလာပြီဖြစ်သော မြန်မာ့မီးရထား၏ စွမ်းဆောင်ရည်မှာလည်း ကျဆင်းလျက်ရှိသဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတို့တွင်ပါ တစ်စတစ်စ လျော့နည်းလာလျက်ရှိနေသည်။ ခရီးသွားကဏ္ဍနှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတို့တွင် ဝေစုရာခိုင်နှုန်း အနည်းငယ်သာ ကျန်နေတော့သည့် မြန်မာ့မီးရထားလုပ်ငန်းကို ပြန်လည်တိုးတက် ပြေးဆွဲနိုင်ရန်မှာ



၁၈၇၇ ခုနှစ် မေလ ၁ ရက် ရန်ကုန်-ပြည် ရထားလမ်းပိုင်းဖွင့်ပွဲ၌ စတင်ပြေးဆွဲသည့် ရထား၏ စက်ခေါင်းအမှတ် (A-01)။

> **မြန်မာ့ မီးရထား ဝန်ဆောင် ပြေးဆွဲမှု လုပ်ငန်းအား အဘက် ဘက်မှ အဆင့် မြှင့်တင်ခြင်း သည် လတ်တလော ဆောင် ရွက်၍ ချက်ချင်း သိသာ စေနိုင်သည့် လုပ်ငန်းမျိုး မဟုတ် ဘဲ....**

အဘက်ဘက်မှ နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်ရတော့မည်ဖြစ်သည်။ အထူးသဖြင့် ရထားဈေးကွက်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းဖြစ်သည့် ဝင်ငွေကို ရှာပေးနေသော ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည် လမ်းပိုင်းများတွင် မော်တော်ကားများနှင့်အပြိုင် ဝန်ဆောင်မှုပေးနိုင်ရန်မှာ များစွာကြိုးပမ်းရပေဦးမည်။

သို့ရာတွင် တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဟူသည့် မလျှော့သောဇွဲစိတ်ဓာတ်တို့နှင့် ကြိုးစားပါလျှင် အောင်မြင်မှုဆီသို့ မုချအရောက်လှမ်းနိုင်မည်ဖြစ်သည်။ "တာတိုမှာ ခွန်အား၊ တာလတ်မှာ အဆုံးအဖြတ်၊ တာဝေးမှာ စိတ်ဓာတ်" ဆိုသည့်အတိုင်း **မြန်မာ့မီးရထား ဝန်ဆောင်ပြေးဆွဲမှုလုပ်ငန်းအား အဘက်ဘက်မှ အဆင့်မြှင့်တင်ခြင်းသည် လတ်တလော ဆောင်ရွက်၍ ချက်ချင်းသိသာစေနိုင်သည့် လုပ်ငန်းမျိုးမဟုတ်ဘဲ** ရေတို ရေရှည်စီမံကိန်းများစွာချမှတ်၍ တစ်ဆင့်ချင်း လုပ်ဆောင်သွားရမည့် ခရီးတာဝေးလုပ်ငန်းတစ်ခုဖြစ်သည်။ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့မီးရထားလုပ်ငန်းကို အဆင့်မြှင့်တင်နိုင်ရေး အလေးထားလမ်းညွှန်မှာကြားမှုများနှင့်အတူ မြန်မာ့မီးရထား၏ "ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးကို ရှေးရှုမျှော်ကိုးကာ မြန်မာ့မီးရထားလုပ်ငန်းရှိ တာဝန်ရှိသူအားလုံးတို့မှ စိတ်ဓာတ်ကောင်းကောင်း၊ ခံယူချက်ရှိရှိဖြင့် ရှေ့ဆက်ချီတက်ရမည့် ခရီးရှည်တစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

(ဆက်လက်ဖော်ပြသွားပါမည်)

# အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ (၅၅)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်





**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနောက်ပိုင်း ရပ်နားထားခဲ့ရသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ ဆေးရုံအုပ်ကြီး၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျောက်ကပ်အစားထိုးကုသမှု ဆောင်ရွက်မည့်အစီအစဉ်အတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

### ပြန်လည်ဆောင်ရွက်နိုင်ခဲ့

ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး၊ တာဝန်ခံဆရာဝန်ကြီးများ၊ သူနာပြုများ၏ ပူးပေါင်းပါဝင်မှုဖြင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး) ဒေါက်တာသီတာလှနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ ခွဲစိတ်ကုသမှုဆောင်ရွက်သူများ၊ လူနာနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လူနာအတွက် အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း ပေးအပ်သည်။

### ကျန်းမာရေးအခြေအနေကောင်းမွန်

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့တွင် လူနာမခင်ညိုညိုထွေး အသက်(၂၃)နှစ်၊ အလှူရှင် မသင်းပြည့်ပြည့်မိုး အသက်(၂၅)နှစ် ညီအစ်မအတွဲအား ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းကို နိုဝင်ဘာ၂၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ခွဲစိတ်ကုသမှု အောင်မြင်စွာပြီးစီးခဲ့ပြီး လူနာနှင့် ကျောက်ကပ်အလှူရှင်တို့၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ပြီး အထူးကြပ်မတ်ကုသဌာန၌ ထားရှိ၍ စောင့်ကြည့်ကုသမှုဆောင်ရွက်ပေးလျက်ရှိသည်။

### ပူးပေါင်းဆောင်ရွက်

အဆိုပါကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့မှ ပါမောက္ခ/ဌာနမှူး(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်) ပါမောက္ခဒေါက်တာကျော်စိုးကျော် ဦးဆောင်သော ဆီးနှင့်ကျောက်ကပ် ခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ပါမောက္ခ/ဌာနမှူး(ဆီးနှင့် ကျောက်ကပ်ဆေးကု) ပါမောက္ခ ဒေါက်တာဝင်းဝင်းလှိုင် ဦးဆောင်သော ဆီးနှင့် ကျောက်ကပ်ဆေးကုသမှု ဆိုင်ရာလုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (မေ့ဆေး) ပါမောက္ခ ဒေါက်တာမူမူနိုင် ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ပါမောက္ခ/ဌာနမှူး(ဓာတ်မှန်) ပါမောက္ခ ဒေါက်တာအောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ဆိုင်ရာလုပ်ငန်းအဖွဲ့၊ အမျိုးသား သွေးဌာန-ရန်ကုန်မြို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင် ဦးဆောင်သော သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန-ရန်ကုန်မြို့မှ ညွှန်ကြားရေးမှူး (ရောဂါဗေဒ) ဒေါက်တာဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့တို့က အငြိမ်းစားဆေးပညာရှင်များဖြစ်သည့် ပါမောက္ခ ဒေါက်တာသန်းအေး၊ ပါမောက္ခဒေါက်တာကျော်စွာလှိုင်၊ ပါမောက္ခ ဒေါက်တာဘုန်းမြင့်၊ ပါမောက္ခဒေါက်တာခင်မောင်ဌေး၊ ပါမောက္ခ ဒေါက်တာကြည်ကြည်စန်း၊ ကျွမ်းကျင်သူနာပြုများ၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးနှင့် ဆေးရုံစီမံခန့်ခွဲမှုကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်တွင် ဆေးရုံကြီးစတင်ဖွင့်လှစ်သည့် ၂၀၁၄ ခုနှစ်မှ စတင်၍ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများစတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် (၄)ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် (၁၀)ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် (၁၀)ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် (၉)ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် (၉)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် (၁၀)ကြိမ်နှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ (၂)ကြိမ် စုစုပေါင်း(၅၄)ကြိမ် အောင်မြင်စွာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအကြိမ်သည် (၅၅)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ခန္တီးခရိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ

**ခန္တီး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ) ဦးမြင့်သိန်းနှင့် ခန္တီးခရိုင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့်တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ) ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ခန္တီးခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မြေပြင်လူဦးရေစာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးတို့က မြေပြင်လူဦးရေစာရင်းစိစစ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ခန္တီးခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲအရာရှိတို့က မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေးစိစစ်ခြင်း၊ မဲရုံများလျာထားသတ်မှတ်ခြင်း၊ မဲရုံသုံးပစ္စည်းများလျာထားသတ်မှတ်ခြင်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြကာ ခန္တီးမြို့နယ်အတွင်းရှိ မဲရုံများလျာထားသတ်မှတ်ထားရှိမှုနှင့် ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ) ဦးမြင့်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားရာ လာမည့် ၂၀၂၃ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းမှာ အဓိကကျကြောင်း၊ ထိုသို့အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်စွာရရှိရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပူပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# နေပြည်တော် တိုးချဲ့ရေပေးရေး(ပေါင်းလောင်း)စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော် တိုးချဲ့ရေပေးရေး(ပေါင်းလောင်း) စီမံကိန်းအတွက် ရေယူအဆောက်အအုံ၊ ရေခေါ်မြောင်းနှင့် ကျောက်စီနံရံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ညနေပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

### ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဌာနမှူး ဦးလှမိုးထွန်းက ပေါင်းလောင်းချောင်းဘေးတွင် တည်ဆောက်လျက်ရှိသည့် ရေယူအဆောက်အအုံ၊ ရေခေါ်မြောင်းနှင့် ကျောက်စီနံရံတို့၏ ဒီဇိုင်းပုံစံ၊ တင်ဒါအောင်ကုမ္ပဏီများ လုပ်ငန်းစတင်ဆောင်ရွက်နေမှုအခြေအနေ၊ ပေါင်းလောင်းချောင်းရေ မြင့်တက်နေသည့်အတွက် တည်ဆောက်ရေးဧရိယာအတွင်း စိမ့်ရေဝင်ရောက်မှုများပြားနေခြင်းကြောင့် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြရာ ဒုတိယမြို့တော်ဝန်က လုပ်ငန်းများ စံချိန်စံညွှန်းမီစွာ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အတွင်း တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**



**စာစာအိပ်လို့ စာစာထလို့ စာစာလမ်းလျှောက်ကြပါစို့**

# (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပပြီးစီး



(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲတွင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးသည့်ပရိသတ်များကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ (ဆဋ္ဌမနေ့)ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ဝန်ထမ်းမိသားစုများ၊ တပ်မတော်သားမိသားစုများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကပြဖျော်ဖြေ**

ပဒေသာကပွဲတွင် ဦးနန်းညွန့်ဆွေ (မန္တလေး) ဇာတ်ညွှန်းရေးဖွဲ့ပြီး ဖြစ်ရပ်မှန်သမိုင်းကို အခြေပြုတင်ဆက်ထားသည့် **“အသက်ထက်မြတ်သော ဂုဏ်သိက္ခာ”** ပြဇာတ်ကြီး၌ပါဝင်သည့် ဘုရားကန်တော့ခန်း၊ ဇာတ်တော်ကြီးသမားစဉ်၊ အပျိုတော်ထွက်ခန်း၊ နှစ်ပါးသွားခန်း၊ ဘုရင့်နောင်မင်းတရားကြီး ထွက်တော်မူကြီးနှင့် ဓာတုကလျာ ဖွားမြင်ခန်း၊ ဝန်မင်းနှစ်ပါး ဇာတ်ပန္နက်ရိုက်ပြည်တည်ခန်း၊ မင်းရဲနန္ဒမိတ် ညီလာခံခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ တွေ့ဆုံခန်း၊ နတ်သျှင်နောင်ကိုယ် လုံပညာလေ့ကျင့်ခန်း၊ နတ်သျှင်နောင်မှ ရာဇဓာတုကလျာအား ချစ်ခွင့်ပန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ လက်ထပ်မည့်အကြောင်းအား ပြည်သူ၊ ပြည်သားများ ပြောဆိုခန်း၊ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ လက်ထပ်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ သစ္စာတိုင်ခန်းနှင့် ခွဲခွာခန်း၊ နတ်သျှင်နောင်မှ အယုဒ္ဓယတပ်များကို တိုက်ခိုက်ရန် ပြင်ဆင်ခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန် ဇာတ်လမ်းနိဂုံးချုပ်ခန်း၊ ငဇင်ကာ အမြောက်လက်နက်ပြုလုပ်ခန်း၊ ငဇင်ကာနှင့် အပေါင်းအပါများ အစည်းအဝေးပြုလုပ်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာတွေ့ဆုံခန်း၊ မင်းရဲနန္ဒမိတ်မှ တပ်မှူး၊ ဗိုလ်မှူးများနှင့် တိုင်ပင်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်သို့ စစ်ချီခန်း၊ ပေါ်တူဂီတပ်နှင့် အပေါင်းအပါ တောင်ငူတပ်များအား အင်းဝတပ်များက တိုက်ခိုက်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရေး ဥမင်လိုဏ်ခေါင်း ပြုလုပ်ရန် အမိန့်ပေးခန်း၊ အင်းဝတပ်များ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရန် ဥမင်လိုဏ်ခေါင်း ပြုလုပ်ခန်းနှင့် သန်လျင်မြို့ရိုး ကျိုးပေါက်ခန်း၊ မင်းရဲနန္ဒမိတ်မှ ငဇင်ကာနှင့် နတ်သျှင်နောင်အား ဖမ်းဆီးခန်း၊ ငဇင်ကာအား စစ်မေးခန်း၊ နတ်သျှင်နောင်အား တရားနှင့်အညီ စီရင်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာအား ကွပ်မျက်ခန်းနှင့် ဇာတ်သိမ်းခန်းတို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အနုပညာရှင်များက ဆို၊ ငို၊ ပြော ပညာရပ်များနှင့် ပေါင်းစပ်၍ အနုပညာရသမြောက်စွာ ကပြဖျော်ဖြေ တင်ဆက်ကြသည်။

**အကြီးကျယ်ဆုံးပဒေသာကပွဲကြီး**

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏အငွေ့အသက်များ ခံစားနားလည်နိုင်စေရန်အတွက် နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသည့်ပြည်သူများကို ဖျော်ဖြေမှုပေးနိုင်ရန် ပထမဆုံးအကြိမ်ကျင်းပသည့် အကြီးကျယ်ဆုံး ပဒေသာကပွဲကြီးလည်း ဖြစ်သည်။

ယခုကျင်းပခဲ့သည့် ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အနုပညာရှင်များက နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ လည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များက နိုဝင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်တွင် လည်းကောင်း နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ မြိုင်ဆိုင်စွာ ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယနေ့ ဖျော်ဖြေတင်ဆက်သည့် **“အသက်ထက်မြတ်သော ဂုဏ်သိက္ခာ”** ဇာတ်ကြီးကို ၂၀၂၃ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံကြီး၌ အများပြည်သူများကို ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**









(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲတွင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၂၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၆)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၇၄,၂၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း(၆၃၃,၂၆၁)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၇၇၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၆) ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ပေါက်ခေါင်း ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက အထက(ပေါက်ခေါင်း)ရွှေရတုခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးကိုကိုနိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကိုကိုနိုင်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများကို အသိပညာပေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် Grade-10(A)မှ မောင်ဘုန်းမြင့်မိုလ်က လည်းကောင်း၊ လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် Grade-11(C)မှ မောင်ပြည့်ဖြိုးကျော်က လည်းကောင်း၊ လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် Grade-9(B)မှ မောင်လျှမ်းထက်အောင်က လည်းကောင်း၊ လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့် Grade-10(A)မှ မောင်ဇေယျာလင်းက လည်းကောင်း၊ လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် Grade-11(C)မှ မဟေသီလွင်က လည်းကောင်း၊ လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် Grade-11(A)မှ မောင်နိုင်လင်းအောင်က လည်းကောင်း ဦးဆောင်ဆွေးနွေးကြသည်။

ဆွေးနွေးမှုနှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းများကို ကျောင်းသား ကျောင်းသူများက မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ လူငယ်စကားဝိုင်းသို့ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)တို့ ပူးပေါင်းပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အသိပညာဗဟုသုတနှင့် ပြည့်စုံသော လူငယ်များ များစွာပေါ်ထွန်းလာစေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်က မိတ်ဆက်စကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အတူ အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျား/မတန်းတူညီမှု၊ လူငယ်နှင့် နိုင်ငံတကာဆက်ဆံရေး၊ လူငယ်နှင့် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများအကြောင်း၊ သုတေသနလုပ်ငန်းများအကြောင်း၊ သိပ္ပံနှင့်နည်းပညာ၊ စေတနာ့ ဝန်ထမ်းလုပ်ငန်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း စသည့် ခေါင်းစဉ်များကို ဦးဆောင်ဆွေးနွေးခဲ့ကြကာ တက်ရောက်လာကြသူများနှင့်လည်း အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ် ခဲလောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**လွိုင်လင် ဒီဇင်ဘာ ၁**

လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် ခဲလောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၃၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



## ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦး၊ လွိုင်လင်ခရိုင်စာရင်းစစ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ခဲလောင်းကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း အရှည် (၂/၆)မိုင်နှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ခဲလောင်း ကျေးရွာတွင် ကျေးလက်ရေရှိရေးလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၂၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် DNT ကုမ္ပဏီက ဇွန်လ ဒုတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**၂၂**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံရှိလာ

ဖနောင်ပင် ဒီဇင်ဘာ ၁



ကမ္ဘောဒီးယား နိုင်ငံ၌ ယခုနှစ် ပထမကိုးလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စီမံကိန်း ၃၁၇၆ ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ချမှတ်ပေးခဲ့ပြီး အဆိုပါ ဆောက်လုပ်ရေးစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံရှိကြောင်း မြေယာစီမံခန့်ခွဲရေး၊ မြို့ပြစီမံကိန်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန တာဝန်ရှိသူ လီအန်မိုနီရက်က ပြောကြားသည်။

နိုင်ငံအတွင်းရှိဆောက်လုပ်ရေးနှင့် အိမ်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှာ တရုတ်၊ တောင် ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံ အတွင်းရှိ ဆောက်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူ များပြားလာပြီး အထပ်မြင့် အဆောက်အအုံများဖြစ်သည့် ဈေးဝယ်စင်တာများ၊ ကွန်ဒိုတိုက်ခန်းများ၊ ရုံးအဆောက်အအုံများ၊ ဟိုတယ်များ၊ ကျောင်းများ၊ ဆေးရုံများနှင့် ဘဏ်များကို တိုးချဲ့ဆောက်လုပ်လာကြကြောင်း ဖနောင်ပင်တွင် ကျင်းပသည့် ဆောက်လုပ်ရေးဆိုင်ရာပြပွဲတွင် ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု များပြားလာခြင်းမှာ ကမ္ဘောဒီးယားနိုင်ငံ၏ ငြိမ်းချမ်းမှု၊ လုံခြုံမှုနှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်းတို့အပေါ် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု များပြားလာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆောက်လုပ်ရေးလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အတွက် အထောက်အကူ ပြုနေသည့် မဏ္ဍိုင်တစ်ခုဖြစ်ပြီး နိုင်ငံစီးပွားရေးအတွက် အထောက်အကူပြုသည့် အခြားစီးပွားရေး လုပ်ငန်းများမှာ အထည်အလိပ် ပြည်ပတင်ပို့သည့်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ယခုနှစ်အတွင်း အမေဇုန်သစ်တော ပြုန်းတီးမှုပမာဏ ၁၁ ဒသမ ၂၇ ရာခိုင်နှုန်း လျော့ကျလာ

ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁

ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောပြုန်းတီးမှုပမာဏသည် နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် လျော့ကျလာခဲ့ပြီး ၂၀၂၁ ခုနှစ် ဩဂုတ်လမှ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ၁၁ ဒသမ ၂၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း National Institute for Space Research မှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

၂၀၂၁ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုပမာဏသည် ၁၃၀၃၈ စတုရန်းကီလိုမီတာခန့် ဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုသည် ၁၁၅၆၈ စတုရန်းကီလိုမီတာခန့်သာ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

အဆိုပါသစ်တောပြုန်းတီးမှုဆိုင်ရာ ကိန်းဂဏန်းများကို အမေဇုန်သစ်တောအတွင်း သစ်တောပြုန်းတီးမှုများကို အဝေးမှ အာရုံခံနိုင်သည့် ပရောဂျက်တစ်ခုဖြစ်သည့် Prodes မှ ထုတ်ပြန်သည့် ကိန်းဂဏန်းများမှ ကောက်နုတ်ယူထားခြင်းဖြစ်သည်။ အဆိုပါပရောဂျက်သည် သစ်တောဆုံးရှုံးမှုများကို တိုင်းတာရာတွင် တိကျမှုရှိကြောင်း သိရသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း ဘရာဇီးနိုင်ငံရှိ အမေဇုန်တောအတွင်း၌ သစ်တောပြုန်းတီးမှုနှုန်းသည် ၂၀၀၄ ခုနှစ်တွင် စတုရန်းကီလိုမီတာ ၂၇၇၀၀ ဆုံးရှုံးခဲ့ပြီး သစ်တောပြုန်းတီးမှု အမြင့်မားဆုံးအဆင့်ဖြစ်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် သစ်တောပြုန်းတီးမှုပမာဏမှာ စတုရန်းကီလိုမီတာ ၄၅၀၀ ရှိကာ သစ်တောပြုန်းတီးမှုနှုန်း စံချိန်တင်လျော့ကျလာသော်လည်း ၂၀၁၅ ခုနှစ်တွင် သစ်တောပြုန်းတီးမှုပမာဏ ပြန်လည်မြင့်တက်လာခဲ့သည်။

တရားမဝင်သစ်တောပြုန်းတီးမှုကို ၂၀၃၀ ပြည့်နှစ်တွင် အဆုံးသတ်ရန် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံအဆက်ဆက်တွင် ချမှတ်ထားသောပန်းတိုင်များကို ဘရာဇီးအစိုးရက ကတိပြုထားကြောင်း သိရသည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၌ အထည်အလိပ်လုပ်ငန်းအား အစိမ်းရောင်စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲရန် ကြိုးပမ်း



ဟန္နွိုင်း ဒီဇင်ဘာ ၁

ဗီယက်နမ်နိုင်ငံသည် နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းတွင် စွမ်းအင်နှင့် ရေသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါဆောင်ရွက်ချက်သည် နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းအား အစိမ်းရောင်စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲနိုင်ရန်နှင့် အထည်ချုပ်လုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုအား လျှော့ချနိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ အထည်ချုပ်လုပ်ငန်း၌ စွမ်းအင်သုံးစွဲမှုကို ၁၅ ရာခိုင်နှုန်းနှင့် ရေသုံးစွဲမှုကို ၂၀ ရာခိုင်နှုန်း လျှော့ချသွားမည်ဖြစ်ကြောင်း Vietnam News သတင်းစာက ပြောကြားသည်။ နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကို အစိမ်းရောင်စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲခြင်းဖြင့် အထည်အလိပ်ဈေးကွက်တွင် ဗီယက်နမ်နိုင်ငံ၏ တင်ပို့မှုအများဆုံးဖြစ်သည့် ဥရောပသမဂ္ဂနိုင်ငံများရှိ ဈေးကွက်များသို့ ကျယ်ပြန့်စွာ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ဗီယက်နမ်ချည်ထည်နှင့် အထည်အလိပ်လုပ်ငန်းအသင်း အတွင်းရေးမှူးချုပ် ထရောင်ဗန်ကန်က ပြောကြားသည်။

လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံရှိ အထည်အလိပ်လုပ်ငန်းများအနေဖြင့် လျှပ်စစ်ဘွိုင်လာအိုးအသုံးပြုသည့်နေရာတွင် ဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုခြင်းနှင့် စွန့်ပစ်ရေများအား ပြန်လည်အသုံးပြုခြင်းတို့ကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်လာကြသည်။ အထည်အလိပ်လုပ်ငန်းအား အစိမ်းရောင်စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲရာတွင် နိုင်ငံတော်၏ ပံ့ပိုးမှုသည်အရေးကြီးပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကလည်း နည်းပညာနှင့် စက်ကိရိယာပိုင်းဆိုင်ရာတွင် ဟန်ချက်ညီညီ ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း စီးပွားရေးပညာရှင် ငုယင်မန်ဖုန်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ပြင်သစ်နိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ် BQ.1.1 ကူးစက်မှုမြင့်တက်

ပါရီ ဒီဇင်ဘာ ၁

ပြင်သစ်နိုင်ငံ၌ လက်ရှိအချိန်တွင် ဗီဇပြောင်းဗိုင်းရပ်စ် BQ.1.1 ကူးစက်မှုသည် ဗီဇပြောင်းဗိုင်းရပ်စ် BA.5 ထက် ပိုမိုများပြားလာကြောင်း ကျန်းမာရေးဆိုင်ရာပညာရှင် ဘရစ်ဂျက်တီအော်ထရန်က ပြောကြားသည်။

ယင်းဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများပြားလာခြင်းသည် ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလှိုင်းအသစ် စတင်လာခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် ပြင်သစ်နိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ် BQ.1.1ကူးစက်မှုသည် BA.5 ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှု များထက်ပင်များပြားနေကြောင်း၎င်းက ပြောကြားသည်။

လက်ရှိအချိန် တွင် ကမ္ဘာတစ်ဝန်း၌ ဗီဇပြောင်းဗိုင်းရပ်စ် BQ.1.1 ကူးစက်မှုများတွေ့ရှိ နေရသည့်အပြင် အဆိုပါဗိုင်းရပ်စ်သည် လူတစ်ဦးမှ တစ်ဦးထံသို့ ကူးစက်ရန် ပိုမိုလွယ်ကူကြောင်းတွေ့ရှိရသဖြင့် အပိုဆောင်းကာကွယ်ဆေးထိုးနှံခြင်းအပါအဝင် လူထူထပ်သည့်နေရာများတွင် နှာခေါင်းစည်း ဝတ်ဆင်ခြင်းကဲ့သို့သော ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၇ ဦး ထပ်မံသေဆုံး

မနီလာ ဒီဇင်ဘာ ၁



ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၇ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၆၅၈ ဦးရှိလာကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၂၃၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၃၇၅၄၇ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၄၁၂ ဦး ရှိပြီး ရောဂါထပ်မံ ကူးစက်ခံရသူများအနက် ၃၈၈ ဦးသည် မြို့တော်မနီလာမှ ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်လုယက်ရန် စီစဉ်လျက်ရှိသော အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိမှု အခြေပြဇယား**

၂၆-၁၁-၂၀၂၂ ရက်တွင် ဖမ်းဆီးရမိ



ဝေယံကောင်းထက်(ခ) **Lu Aye** (လုပ်ကြံသတ်ဖြတ်သူ/ ဖောက်ခွဲဖျက်ဆီးသူ/ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ပါဝင်မည့်သူ

၂၇-၁၁-၂၀၂၂ ရက်တွင် ဖမ်းဆီးရမိ



ဖြိုးသွေးအောင်(ခ)နိုင်ဝင်း (ဖောက်ခွဲဖျက်ဆီးသူ)



နိုင်လင်းဇော်(ခ)သော်ထွန်းအောင် (ဖောက်ခွဲဖျက်ဆီးမှုများတွင် အခြေအနေကြည့်ရှုသူ)



ဉာဏ်ဝင်းလှိုင်(ခ)ဖိုးခွား (ဆက်စပ်တရားခံ)

၂၀-၁၁-၂၀၂၂ ရက်တွင် ဖမ်းဆီးရမိ



သိန်းကျော်စွာ(ခ)ကျော်ကြီး (ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ခေါင်းဆောင်မည့်သူ)



သက်ဇော်အောင်(ခ)အောင်လေး (လုပ်ကြံသတ်ဖြတ်သူ/ဓားပြ တိုက်လုယက်မှုကျူးလွန်ရာ တွင် ပါဝင်မည့်သူ)



အာကာမင်းသိန်း (လုပ်ကြံသတ်ဖြတ်သူ/ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ပါဝင်မည့်သူ)



မျိုးမင်းဟိန်း(ခ)မဲကြီး (ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ပါဝင်မည့်သူ)



ညီမင်းထွန်း (ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ပါဝင်မည့်သူ)

☆ **ကျောဖုံးမှ**

သို့ဖြစ်ရာ အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးဆောင်ရွက်မှုများကြောင့် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်အားဓားပြတိုက်လုယက်မှုကျူးလွန်ရန် စီစဉ်လျက်ရှိသည့် Anti-Coup People's Liberation Force – ACPLF အမည်ခံအကြမ်းဖက်အဖွဲ့မှ **ဝေယံကောင်းထက်(ခ) Lu Aye** ကို မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက်ကွေ့ (၆)လမ်း၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဝေယံကောင်းထက်(ခ)Lu Aye ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက်ကွေ့(၆) လမ်းရှိ ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ပွိုင့် ၃၈၀ ကျည် ၁၃ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ညပိုင်းတွင် ACPLF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ဖြိုးသွေးအောင်(ခ)နိုင်ဝင်း၊ နိုင်လင်းဇော်(ခ) သော်ထွန်းအောင်နှင့် ဉာဏ်ဝင်းလှိုင်(ခ) ဖိုးခွား**တို့ကို အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ဝေယံကောင်းထက်(ခ)Lu Aye ၏ ထွက်ဆိုချက်အရ ACPLF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် Anonymous Fighter Force – AFF အမည်ခံ အကြမ်းဖက်အဖွဲ့တို့မှ ပူးပေါင်း၍ သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇဂ်မလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန် စီစဉ်ထားရှိကြောင်း ဖော်ထုတ်သိရှိရပြီး ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် AFF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **သက်ဇော်အောင်(ခ) အောင်လေး** ကို မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံအနီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **သက်ဇော်အောင်(ခ)အောင်လေး** ၏ ထွက်ဆိုချက်အရ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန်အတွက် ၎င်းတို့၏အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအနီး လူကူးခုံးကျော်တံတားပေါ်၌ စုဝေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးစဉ် တရားခံများက ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်များအား လုယူထွက်ပြေးရန် ကြိုးပမ်းခဲ့သောကြောင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ **သိန်းကျော်စွာ(ခ)ကျော်ကြီး၊ မျိုးမင်းဟိန်း (ခ)မဲကြီး၊ အာကာမင်းသိန်း**တို့ သုံးဦးကို လက်လုပ်မိုင်း နှစ်လုံးဖြင့်လည်းကောင်း၊ **ညီမင်းထွန်း**အား လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာဖြင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ဓားပြတိုက် လုယက်ခြင်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် တရားခံ ကျား ကိုးဦးကို ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်မျိုးစုံ ၁၃ တောင့်၊ လက်လုပ်မိုင်းနှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် **ဝေယံကောင်းထက်(ခ)Lu Aye၊ ဖြိုးသွေးအောင်(ခ)နိုင်ဝင်းနှင့် သိန်းကျော်စွာ(ခ) ကျော်ကြီး**တို့သည် KNLA တပ်မဟာ(၆)လှုပ်ရှားနယ်မြေ၌လည်းကောင်း၊ **နိုင်လင်းဇော် (ခ)သော်ထွန်းအောင်၊ သက်ဇော်အောင်(ခ)အောင်လေးနှင့် အာကာမင်းသိန်း** တို့သည် KNLA တပ်မဟာ(၃)လှုပ်ရှားနယ်မြေ၌ လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ACPLF အမည်ခံအကြမ်းဖက်အဖွဲ့ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဖမ်းဆီးရန်ကျန်တရားခံ **ဇော်ကြီး**က ခေါင်းဆောင်၍ **ဖြိုးသွေးအောင်(ခ) နိုင်ဝင်း၊ နိုင်လင်းဇော်(ခ)သော်ထွန်းအောင်၊ ဉာဏ်ဝင်းလှိုင်(ခ)ဖိုးခွား**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ဟိန်းထက်၊ ကောင်းထက်၊ ကြက်ဖကြီး၊ သားငယ်၊ ညီညီလင်းနောင်၊ ပြည့်ရှိန်း၊ ကိုပေါက်၊ ညီညီအောင်၊ ကိုညို၊ ဦးလေး၊ ပဲခူးသား၊ ချစ်ကို၊ ဇင်မင်းချစ်နှင့် မင်းချမ်းမြေ့** တို့ပါဝင်သော အဖွဲ့ဝင် ၁၈ ဦးဖြင့် လည်းကောင်း၊ AFF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ဖမ်းဆီးရန်ကျန်တရားခံ **ကာရံမိုး**က ခေါင်းဆောင်၍ **သက်ဇော်အောင် (ခ)အောင်လေး၊ သိန်းကျော်စွာ(ခ)ကျော်ကြီး၊ မျိုးမင်းဟိန်း(ခ)မဲကြီး၊ အာကာမင်းသိန်း၊ ညီမင်းထွန်း**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဟန်လင်းထက်၊ ဘီဘီ၊ ပြည့်ဖြိုးအောင်၊ ရှိဟစ်၊ စည်သူအောင်**နှင့် **ကတုံး** တို့ပါဝင်သော အဖွဲ့ဝင် ၁၃ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါအကြမ်းဖက်အဖွဲ့များသည် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ပြည်သူများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ အကျပ်ကိုင်မှုများ၊ လုယက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများဆောင်ရွက်ရန်၊ အကြမ်းဖက်ဖောက်ခွဲမှု ဓာတ်ပုံများ လူမှုကွန်ရက်မှတစ်ဆင့်ဖြန့်ဝေ၍ ငွေကြေးကောက်ခံရယူရန် ရည်ရွယ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ACPLF နှင့် AFF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု လေးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်၌ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော ဟိန်းထက်နှင့် ကောင်းထက်တို့က လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး ဝေယံကောင်းထက်(ခ)Lu Aye က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာလမ်းဆုံ၌ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော ဟိန်းထက်နှင့် ကောင်းထက်တို့က လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး ဖြိုးသွေးအောင် (ခ)နိုင်ဝင်းက အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာလ ၁၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား ဝေယံကောင်းထက်(ခ) Lu Aye နှင့် ဖမ်းဆီးရန်ကျန်တရားခံ ဟိန်းထက်တို့က လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး နိုင်လင်းဇော်(ခ) သော်ထွန်းအောင်က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။


**စာမျက်နှာ ၁၅ သို့** ☆



၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၉ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၂)ရပ်ကွက် ပြည်သာယာ(၃)လမ်းနှင့် လက်ဝဲသုန္ဒရလမ်းထောင့်၌ ရာအိမ်မှူး ဦးအောင်အောင်(၄၅)နှစ်(သေဆုံး)အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၄)ရပ်ကွက်အနီး၌ ရာအိမ်မှူး ဦးဆန်းမင်းထွန်း(၄၅)နှစ် (သေဆုံး)အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာလမ်းဆုံ၌ လက်လုပ်မိုင်းနှစ်လုံး တွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သဇင်လမ်းနှင့် စကားဝါလမ်းထောင့်၌ ရာအိမ်မှူး ဦးစိုးစိုး(၄၈)နှစ် (စိုးရိမ်ရ) အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။







၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၈)ဈေးအနီး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။





သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇော်မလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲ၏ မှတ်တမ်းဓာတ်ပုံ။

☆ စာမျက်နှာ ၁၄ မှ

- နိုဝင်ဘာ ၂၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၈)ဈေး၌ **ဖြိုးသွေးအောင်(ခ)နိုင်ဝင်း**က လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **နိုင်လင်းဇော်(ခ)သော်ထွန်းအောင်**က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ACPLF နှင့် AFF အမည်ခံ အကြမ်းဖက်အဖွဲ့တို့သည် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု သုံးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၄) ရပ်ကွက်အနီး၌ ရာအိမ်မှူး ဦးဆန်းမင်းထွန်းကို **အာကာမင်းသိန်း**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကတုံး**တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **သက်ဇော်အောင်(ခ)အောင်လေး**က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- စက်တင်ဘာ ၂၉ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၂) ရပ်ကွက် ပြည်သာယာ(၃)လမ်းနှင့် လက်ဝဲသုန္ဒရလမ်းထောင့်၌ ရာအိမ်မှူး ဦးအောင်အောင်ကို **သက်ဇော်အောင်(ခ)အောင်လေး**က ပစ္စတိုဖြင့် အကြောင်းမဲ့ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **အာကာမင်းသိန်း**က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၂၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သဇင်လမ်းနှင့် စကားဝါလမ်းထောင့်၌ ရာအိမ်မှူး ဦးစိုးစိုးကို **ဝေယံကောင်းထက်(ခ)Lu Aye**က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဖြိုးသွေးအောင်(ခ)နိုင်ဝင်းနှင့် နိုင်လင်းဇော်(ခ)သော်ထွန်းအောင်**တို့က အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခြင်းများကို ညောင်လေးပင် PDF အမည်ခံအကြမ်းဖက်အဖွဲ့က KNLA တပ်မဟာ(၃)လွှမ်းမိုးရာနယ်မြေ၌ တိမ်းရှောင်လျက်ရှိသော ဖမ်းဆီးရန်ကျန်တရားခံ **ဇော်ကြီး**နှင့် **ကာရံမိုး**တို့က ခိုင်းစေခဲ့ခြင်းဖြစ်ပြီး လက်နက်/ခဲယမ်းများကိုလည်း ထောက်ပံ့ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ညောင်လေးပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **ဇော်ကြီး**နှင့် **ကာရံမိုး**တို့၏ ခိုင်းစေချက်အရ AFF အမည်ခံအကြမ်းဖက်အဖွဲ့မှ **သိန်းကျော်စွာ(ခ)ကျော်ကြီး** ဦးဆောင်၍ **သက်ဇော်အောင်(ခ)အောင်လေး**၊ **မျိုးမင်းဟိန်း(ခ)မဲကြီး**၊ **အာကာမင်းသိန်း**နှင့် **ညီမင်းထွန်း**တို့သည် ACPLF အမည်ခံအကြမ်းဖက်အဖွဲ့မှ **ဝေယံကောင်းထက်(ခ) Lu Aye**၊ **ဖြိုးသွေးအောင် (ခ)နိုင်ဝင်း**တို့နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၃၀ ရက်တွင် သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇော်မလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန်အတွက် Telegram မှတစ်ဆင့် တွေ့ဆုံ၍ အစီအစဉ်များ ရေးဆွဲခဲ့ကာ တာဝန်ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ အစီအစဉ်များရေးဆွဲ၍ တာဝန်ခွဲဝေမှုတွင်-

- တရားခံ **သိန်းကျော်စွာ(ခ)ကျော်ကြီး**၊ **အာကာမင်းသိန်း**၊ **သက်ဇော်အောင်(ခ)အောင်လေး**၊ **မျိုးမင်းဟိန်း(ခ)မဲကြီး**တို့ လေးဦးသည် ဘဏ်အတွင်းသို့ ဝင်ရောက်ကာ **သိန်းကျော်စွာ(ခ)ကျော်ကြီး**၊ **အာကာမင်းသိန်း**တို့ နှစ်ဦးက ငွေထုတ်ကောင်တာသို့သွားရောက်၍ ငွေများလုယက်ယူဆောင်ရန်၊ **သက်ဇော်အောင်(ခ)အောင်လေးနှင့် မျိုးမင်းဟိန်း(ခ)မဲကြီး**တို့ နှစ်ဦးသည် ဘဏ်ဝန်ထမ်းများနှင့် ဘဏ်သို့လာရောက်သည့် ပြည်သူများကို လက်နက်ပြ၍ ခြိမ်းခြောက်ပြီး ဓားစာခံအဖြစ် ဆောင်ရွက်ရန်။
- **ဝေယံကောင်းထက်(ခ)Lu Aye**၊ **ဖြိုးသွေးအောင်(ခ)နိုင်ဝင်း**၊ **ညီမင်းထွန်း**တို့ သုံးဦးသည် ဘဏ်အပြင်ဘက်၌ အခြေအနေစောင့်ကြည့်ပြီး မော်တော်ယာဉ်တစ်စီးဖြင့် အသင့်စောင့်ဆိုင်းနေရန်။

တရားခံများ၏ ထွက်ဆိုချက်အရ ဘဏ်ဓားပြတိုက်မှုကျူးလွန်ပြီး ငွေကြေးများရရှိပါက အဆိုပါငွေကြေးများအား ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ သုံးစွဲခြင်း၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်အတွက် လက်နက်ခဲယမ်းများ ထပ်မံဝယ်ယူရာတွင် အသုံးပြုသွားရန် ရည်ရွယ်ထားရှိကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ဇနေ့ဖြူမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ(နေကြာ) စပေါင်းစိုက်ပျိုးပွဲကျင်းပ



**ဇနေ့ဖြူ ဒီဇင်ဘာ ၁**

ရေဝတီတိုင်းဒေသကြီး ဇနေ့ဖြူမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ (နေကြာ)စပြစိုက်ပျိုးပွဲကို ကျွဲတနီးတိုက်နယ် ဆင်လမ်းလေးကျေးရွာအုပ်စု တောင်သူ ဦးအောင်ခင်၏ လယ်မြေပေါ်တွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က နေကြာစိုက်ပျိုးမှုနည်းစနစ်များနှင့် သတ်မှတ်ဇကေပြည့်မီအောင်စိုက်ပျိုးကြရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများစုပေါင်း၍ နေကြာစိုက်ကွေ သုံးကေခွဲစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသ တစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့အား KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့၊ NUG အဖွဲ့နှင့် ၎င်း၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂ မေလမှ စတင်ထိန်းချုပ်၍ အဆိုပါ ဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများ အနေဖြင့် ဘေးလွတ်ရာနေရာများသို့ ခေတ္တထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါ ဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများအား ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့် လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများ ဖြင့်လည်းကောင်း အသိပေးနှိုးဆော်၍ ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် အေးချမ်းစွာပြန်လည်နေထိုင်လိုသည့် ခေတ္တထွက်ပြေးတိမ်းရှောင်နေသည့် ဒေသခံတိုင်းရင်းသားများမှာ ဝမ်းသာအားရဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာသို့ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၁၀၄ ဦး စုစုပေါင်း ၂၀၀ ထပ်မံဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်မှ ယနေ့ထိ သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့



သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာသို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးစဉ်။

ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား အမျိုးသား ၂၁၃ ဦး၊ အမျိုးသမီး ၂၂၄ ဦး စုစုပေါင်း ၄၃၇ ဦး ရှိပြီဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပျက် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ရွာသွန်းမှုအောက်လျော့နည်းနိုင်ကာ နေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၀ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၂၁ မီလီမီတာမှ ၃၀ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၃၁ မီလီမီတာမှ ၄၀ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၄၁ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ကယားပြည်နယ်တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်(ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အေးစေတီရပ်ကွက်နေ ဟောင်းနန်း(ခ)အဇော်သည် ၎င်းအသုံးပြုသည့် “A zaw” Facebook အကောင့်၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၄)ရပ်ကွက် အေးသာယာ(၄) လမ်းနေ ပြည့်ဝ(ခ)ပြည့်ဝအောင်သည် ၎င်းအသုံးပြုသည့် “Pyai Wuu Aung” Facebook အကောင့်၊ လှိုင်းဘွဲ့ မြို့နယ် (ဃ)ရပ်ကွက်နေ လင်းပိုင်(ခ)ဇော်လတ်သည် ၎င်းအသုံးပြုသည့် “User117875855455 (https://tiktok.com/@User117875855455)” tiktok အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာနေ ဇင်မျိုး(ခ)ဇင်မျိုးဝင်းသည် ၎င်းအသုံးပြုသည့် “Zinmyo 2517” tiktok အကောင့်၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ပြည်တော်သာရပ်ကွက်နေ မာစီငွန်ရွှေထာချင်း (ခ)မာစီသည် ၎င်းအသုံးပြုသည့် “Mar Si” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၉) ရပ်ကွက်နေ သီဟ(ခ)သီဟသစ်သည် ၎င်းအသုံးပြုသည့် “Thiha Thit” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၂၁)နေ အောင်ကိုလင်း(ခ)ကိုလင်းသည် ၎င်းအသုံးပြုသည့် “Ko Lynn” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၂၉၅ | ၂၉၂၀ |
| 95 Ron | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၁၅ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၁၀ | ၂၁၂၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၂၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၅၇၀ | ၂၅၆၅ | ၂၄၆၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၁၀ | ၂၅၁၀ | ၂၇၃၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၈၅ | ၂၈၀၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၈၅ | ၂၈၀၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၆ | ၁၉၆၇ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၂၃၁၅ | ၂၃၉၁ |
| HSD (50 ppm) | ၂၃၈၈ | ၂၄၆၆ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကွန်ပျူတာတက္ကသိုလ် (ဟင်္သာတ)၌ သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှုဟောပြောပွဲ ကျင်းပ

ဟင်္သာတ ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ကွန်ပျူတာတက္ကသိုလ် (ဟင်္သာတ)၌ သတင်းအချက်အလက် နှင့် မီဒီယာဆိုင်ရာ သိနားလည်မှု အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါကျောင်း ရွှေဝါထွန်းခန်းမ၌ ကျင်းပခဲ့သည်။



**ပြောကြား**

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် (ဟင်္သာတ)မှ ကျောင်းအုပ်ကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က ကျောင်းသားကျောင်းသူများအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရခြင်းမှာ အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရန်၊ တက္ကသိုလ်ကျောင်းသားဘဝတွင် မိမိတို့ဝါသနာပါရာ စာပေ၊ ဂီတ၊ အနုပညာရပ်များကို လေ့လာပြီး အသိပညာ ဗဟုသုတများကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန္ဒာဆွေက ပြန်/ဆက် ဦးစီးဌာနအကြောင်းကို ကနဦး မိတ်ဆက် ရှင်းလင်းပြီးနောက် သတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သတင်းအမှား၊ အမှန် ခွဲခြမ်းစိတ်ဖြာလေ့လာနည်း၊ ယနေ့ ရင်ဆိုင်နေရသည့် လုပ်ကြံသတင်းများ၊ သတင်းပုံရိပ်အတုများဖြင့် မသိနားမလည်သည့် လူငယ်လူရွယ်များ၊ ရိုးသားသည့် ပြည်သူများအပေါ် သတင်းမီဒီယာ အဆိပ်ခတ်၍ နိုင်ငံ့ဂုဏ်၊ နိုင်ငံ့ပုံရိပ်ကျဆင်းအောင် အကွက်ချစီမံ၍ ဝါဒဖြန့်မှိုင်းတိုက်နေမှုများ၏ အန္တရာယ်များ၊ ယနေ့ လူငယ်များ အင်တာနက်သုံးစွဲခြင်းမှရရှိနိုင်သော ကောင်းကျိုး၊ ဆိုးကျိုးများ၊ ဆိုရှယ်မီဒီယာ သုံးစွဲရာတွင် သိရှိလိုက်နာသင့်သော ကိစ္စရပ်များ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များကို ရှင်းလင်း ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုဇော် – ဟင်္သာတ**

## ရွှေပြည်သာ အထက(၃)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွှန့်နှင့် အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ဇော်ဇော်စိုးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



**တက်ရောက်**

အသိပေးဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အမှတ်(၆၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ အထက(၃)ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ကြကြောင်း သိရသည်။

**မြင့်ဦး**



## ရေတာရှည်မြို့နယ်၌ ထယ်ရေးမလို မျိုးစေ့ချကိရိယာဖြင့် ပဲတီစိမ်းစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

ရေတာရှည် ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ထယ်ရေးမလို မျိုးစေ့ချကိရိယာဖြင့် ပဲတီစိမ်းစိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကို ညောင်ပင်သာကျေးရွာ စံပြစိုက်ကွင်း၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

**လေ့လာကြည့်ရှု**

အဆိုပါ မျိုးစေ့ချကိရိယာဖြင့် ပဲတီစိမ်းစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်၍ လေ့လာကြည့်ရှုခဲ့ကြသည်။

မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဖြင့် လုပ်သားရှားပါးမှုအားဖြေရှင်းနိုင်သကဲ့သို့ မျိုးစေ့ချကိရိယာ၏ ဖွဲ့စည်းတည်ဆောက်ပုံအရ မျိုးစေ့အလေအလွင့် နည်းစေသည့်အတွက် ဧကများများစိုက်ပျိုးသည့် တောင်သူများသည် စိုက်ပျိုးစရိတ်သွင်းအားစုအနေဖြင့် မျိုးစေ့ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ အစိုဓာတ်မကွာမီ မျိုးစေ့ချကိရိယာ၏ အောက်မြေကြီးထဲသို့ နှစ်လက်မနှင့် သုံးလက်မထိ နစ်ဝင်သွားသည့်အတွက် မျိုးစေ့များ လေလွင့်ဆုံးရှုံးမှုမရှိတော့ဘဲ မြေအောက်ရောက်သွားသည့် မျိုးစေ့တိုင်းသည် အပင်ပေါက်သဖြင့် များစွာအကျိုးဖြစ်ထွန်းစေကြောင်း ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး"

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်

(၂၁)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၈၊ ၉)ရက် တို့တွင် MICC-2 နေပြည်တော်၌

ကျင်းပမည်ဖြစ်ပါသည်။

## ဟိုပန်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေပေးအပ်ပွဲ ပြုလုပ်




ဟိုပန် ဒီဇင်ဘာ ၁

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူတို့၏ လူမှုစီးပွားဘဝကျဆင်းမှု၊ နိုင်ငံတော်၏ စီးပွားရေးကျဆင်းမှုတို့ကို ပြန်လည်မြှင့်တင်ရန်ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်ဘီလီယံ ၄၀၀ ကိုသီးသန့်ရန်ပုံငွေထူထောင်၍ ပြည်နယ်/တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအဖြစ် ခွဲဝေပေးခဲ့ခြင်းဖြစ်ကြောင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအနေဖြင့် ငွေကျပ် ၅ ဘီလီယံရရှိကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာစီးပွားရေးမြှင့်တင်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မတည်ငွေများအလွဲသုံးမှုမရှိစေရေး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်နှင့် ကော်မတီအချင်းချင်း ပေါင်းစပ် ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို ထောက်ပံ့ပေးအပ်ရာ ရပ်ကွက်/ကျေးရွာများမှ စိုက်ပျိုးရေး/မွေးမြူရေး လုပ်ငန်း ဆောင်ရွက်မည့်သူများက လက်ခံရယူခဲ့ကြသည်။ ယနေ့တွင် ဟိုပန်မြို့နယ်တွင်းရှိ ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ငါးခုနှင့် "ဝ"တောင်တန်းမျိုးစေ့ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက်တို့မှ ပြည်သူ ၆၇ ဦးတို့ကို လယ်ယာစီးပွားရေးကဏ္ဍနှင့် မွေးမြူရေး လုပ်ငန်းတို့တွင် ဆောင်ရွက်နိုင်ရန် ငွေကျပ်လေးဘီလီယံကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မှော်ဘီမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မှော်ဘီ ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအုပ်စု ပါရမီဖြည့် အရှေ့ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး အုပ်ချုပ်ရေးစစ်ကြောင်းမှ အဖွဲ့ခေါင်းဆောင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခြင်း၊ ကာကွယ်ရေးစစ်ကြောင်းမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁)ဗိုလ်မှူး ပြည့်စုံကျော်က ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များ ဆွေးနွေးပြောကြားခဲ့ပြီး စစ်ကြောင်းငါးကြောင်းတွင် ပါဝင်သော ဌာနဆိုင်ရာများမှ ဦးစီးအရာရှိများကလည်း အသီးသီးဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ငါးရပ်၊ မူဝါဒ ကိုးချက် အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုးက ဆွေးနွေးသည်။ တက်ရောက်လာသော အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများက ဒေသဖွံ့ဖြိုးရေး အပါအဝင် သိရှိလိုသည်များအား ပြန်လည်ဆွေးနွေးခြင်းနှင့် သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက မိမိတို့တင်ပြသည့်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဉာဏ်ဟိန်း





## သာစည်မြို့နယ်ကြက်မောက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

သာစည် ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယမန်နေ့မွန်းလွဲ ၃ နာရီက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးခန့်ဇော်နှင့်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် ရဲဘော်-၂ ဆည်ပေါင်ပေါ်တွင် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့်ပြန်လည်တူးဖော်ပြုပြင်ပြီးသော ရဲဘော်-၂ ဆည်၊ ပျူတွင်းဆည်နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဒေါ်မြင့်ဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က ဆည်ရေဝင်ရောက်မှုအခြေအနေများနှင့် သီးနှံဆက်လက်စိုက်ပျိုးမည့်အခြေအနေများကို မေးမြန်းပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ ဆက်လက်ပြီး အမြဲတမ်းအတွင်းဝန်နှင့် အဖွဲ့သည် ရေပေးဝေမြောင်းအား ကွင်းဆင်းကြည့်ရှုပြီး ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေစီမံကိန်းဖြင့် ဆောင်ရွက်ထားသော နွားမွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## လပွတ္တာမြို့နယ် ဖြိုးခနစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားပိုင် လယ်မြေများမှ ပေါ်ဆန်းစပါးများ စိုက်ပျိုးထွက်ရှိ

လပွတ္တာ ဒီဇင်ဘာ ၁

တောင်သူများ စိုက်ပျိုးထားရှိသော သီးနှံများအတွက်တိုးစေရန်နှင့် ဒေသတွင်းစားသုံးမှု ဖူလုံစေရန်အတွက် သမဝါယမကဏ္ဍက တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ရှိ ဖြိုးခနစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ အသင်းသားပိုင်လယ်မြေစိုက် ဧက ၈၀ ပေါ်တွင် ပေါ်ဆန်စပါးများ စိုက်ပျိုးခဲ့ပြီး ယခုစပါးများ ရိတ်သိမ်းချိန်တွင် တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းတင်း ၆၀ ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်

သင့် ကျန်း မာ ရေး အ တွက် နေ့ စဉ် နံနက် စော စော လမ်း လျှောက် ပေး ပါ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၃၀-၁၁-၂၀၂၂ ရက်မှအဆက်

များသောအားဖြင့်ကား အိမ်တွင်း သီးသန့်ကပွဲများသာ အေးအေးဆေးဆေး ကလေ့ရှိသည်။

ယခုမူ ကိုခင်မောင်ကြည်က မရမက ခေါ်၍သာ အားနာသဖြင့် လိုက်ခဲ့ရခြင်း ဖြစ်သည်။

အမှန်တော့ စကတည်းက ပက်ဂီ ကြိုင်ပါသည်ဆို၍ မွန်က မလိုက်ချင်လှပေ။

ပက်ဂီကြိုင်၏သတင်းကား အထက် တန်းလွှာတွင် မသိသူမရှိသလောက်ပင် ရှားသည်။

ပက်ဂီကြိုင်သည် သာမန် အထက် တန်းစာရေးမကလေး ဖြစ်သော်လည်း သူ့ကို မသိသူမရှိသလောက်ပင် ရှားသည်။

သံရုံးကပွဲတိုင်းတွင် ပက်ဂီကြိုင်သည် နိုင်ငံခြားသားများ၏ အသည်းစွဲဖြစ် သည်။

ထို့ကြောင့်လည်း ပက်ဂီကြိုင်သည် သာမန် စာရေးမကလေးပင် ဖြစ်သော် လည်း ကပွဲတွင် အဖိုးတန်အဝတ်အစား များဖြင့် တွေ့ရတတ်သည်။

နှစ်သောင်းကျော်၊ သုံးသောင်းကျော် ကားကြီးများဖြင့် စီး၍ လာတတ်သည်ကို တွေ့ရသည်။ မင်းပွဲစိုးပွဲများတွင် ရှေ့တန်း မှတွေ့ရတတ်သည်။


ထို့ကြောင့်လည်း အနောက်တိုင်း ယဉ်ကျေးမှုနှင့် မကင်းသူများသည် ပက်ဂီကြိုင်အား မတွေ့ဖူးသည့်တိုင် အောင် ပက်ဂီကြိုင်သတင်းကို ကြားဖူး နေကြသည်။

မွန်သည် ပက်ဂီကြိုင်ကို တွေ့လိုက် ရစဉ်ကပင် ကိုခင်မောင်ကြည်ဖိတ်ခေါ် သောကပွဲသို့ လိုက်ရန် စိတ်မပါတော့ချေ။ ပက်ဂီကြိုင်လို သတင်းဆိုးဖြင့် ကျော်ကြား နေသူတစ်ယောက်နှင့်အတူ တွဲ၍မသွား လိုချေ။

ကိုယ့်ကိုပါရော၍ အထင်သေးမည်ကို စိုးရိမ်မိသည်။ သို့သော် ဖိတ်ခေါ်သည့် သူက ဇွတ်အတင်းဖိတ်ခေါ်နေပြန်တော့ လည်း ကိုယ်ကငြင်းလျှင် ရိုင်းရာကျတော့ မည်။

မလိုက်လိုသောအကြောင်းမှာလည်း ထုတ်ဖော်ပြော၍ မသင့်လျော်။ ထို့ကြောင့် လည်း စိတ်မပါဘဲ လိုက်ခဲ့ရသည်။

ကပွဲသို့ရောက်ပြန်တော့လည်း ကိုခင် မောင်ကြည်က သူ့ကိစ္စကိုသာ မနားတမ်း




ပြောနေတော့လည်း ဗစ်တာက အလိုက် သိစွာ ပက်ဂီကြိုင်နှင့် ဝိုင်းဖွဲ့ရတော့သည်။

ဤသည်မှစ၍ အလိုလို အတွဲက ပြောင်းသွားတော့သည်။ ကိုခင်မောင် ကြည်နှင့် မွန်က စကားတစ်ဝိုင်း၊ ဗစ်တာ နှင့် ပက်ဂီကြိုင်က စကားတစ်ဝိုင်း။ စကားဝိုင်းမှာ အကဝိုင်းသို့ကူးပြန်တော့ လည်း သည်အတိုင်းပင် ကူးရတော့ သည်။

ယခုတော့ ဗစ်တာနှင့် ပက်ဂီကြိုင်မှာ မိတ်ဟောင်းဆွေဟောင်းကြီးများကဲ့သို့ စကားလက်ဆုံကျ၍ နေတော့သည်။

မွန်သည် ကိုခင်မောင်ကြည်နှင့် စကား ပြောနေရသော်လည်း စိတ်မပါတော့ချေ။

မျက်စိက နောက်၍လာတော့သည်။ နားလည်း ငြီး၍လာသည်။ ကြာကြာ လည်း မထိုင်လိုတော့ချေ။ ကြာကြာ ထိုင်လျှင် ပို၍ ဣန္ဒြေပျက်တော့မည်။

မွန်သည် လက်မှနာရီကိုကြည့်လိုက် သည်။ ပြီးမှ ဗစ်တာ့ကိုလှမ်းကြည့်သည်။

"ပြန်ကြရအောင် ဗစ်တာ"

ဗစ်တာသည် ပက်ဂီကြိုင်နှင့် စကား ကောင်းနေရာမှ မွန့်ကို တအံ့တသြကြည့် လိုက်သည်။

အမှန်တော့ မွန်က မည်မျှပင် ဣန္ဒြေ ဆည်၍ပြောလိုက်သော်လည်း ယခုလို ဝိုင်းမျိုးတွင် တစ်ယောက်ယောက်က စ၍ ပြန်ချင်သည်ဟုပြောလျှင် တစ်စုံ တစ်ခုကို ငြီးငွေ့၍ဖြစ်ကြောင်း အားလုံး က ရိပ်မိနိုင်သည်။

ယခုလည်း မွန်က ခပ်အေးအေးပြော လိုက်သော်လည်း ကျန်လူများက မွန့်ကို စိုးရိမ်တကြီး လှမ်း၍ကြည့်လိုက်ကြ သည်။

"ဘာဖြစ်လို့လဲ မွန်၊ ကနေ့ကပွဲက ပျော်စရာကောင်းပါတယ်ကွာ။ ပက်ဂီကြိုင် နဲ့တွေ့ရတာလည်း ဗဟုသုတတိုးတယ် မဟုတ်လား"

မွန်ပြောချင်သောစကားကို မနည်း ချုပ်တည်း၍ ထားလိုက်ရသည်။ ပက်ဂီကြိုင်နှင့် တွေ့ရသည်ကိုပင် ပျော်စရာကောင်းသည်ဟု ပြောလိုက် သော ဗစ်တာ၏စကားကို နားထောင်ရင်း အလိုလို စိတ်တိုလာမိသည်။ "ပျော်စရာ ကောင်းရင်လည်း တစ်ညလုံးနေခဲ့ပါ လား"

ဤသို့ပင် ပြောချလိုက်ချင်သည်။ သဘောထားသေးရာ ကျမည်စိုး၍သာ စိတ်ကို ချုပ်တည်း၍ထားလိုက်ရသည်။

"မွန် ခေါင်းနောက်နေပြီ၊ ဆက်ထိုင်လို့ မရတော့ဘူး။ ကိုနေရစ်ချင် နေရစ်ခဲ့လေ။ မွန်တော့ ပြန်တော့မယ်။ ကားယူသွား မယ်။ အိမ်ကျမှ ဒရိုင်ဘာနဲ့ အပို့လွှတ် လိုက်မယ်"

မွန်သည် နေရာမှထလိုက်သည်။ ဗစ်တာပါ ရော၍ရပ်လိုက်သည်။

"ကိုယ်လိုက်ပို့မယ်လေ ခဏနေပါ ဦးလား"

"ကိစ္စမရှိပါဘူး၊ ကိုတို့ ဒီမှာ အေးအေး ဆေးဆေးနေကြပါ။ မွန်ပြန်နိုင်ပါတယ်။ သော့သာပေးလိုက်"

ဗစ်တာသည် ဘောင်းဘီအိတ်ထဲမှ ကားသော့ကိုနှိုက်၍ မွန့်အား ပေးလိုက် သည်။

မွန်က ကားသော့ကိုယူ၍ ထွက်သွား မည်ပြုရာမှ ပက်ဂီကြိုင်ကို ပြန်ကြည့်၍ နှုတ်ဆက်လိုက်သည်။

"မွန့်ကိုခွင့်လွှတ်ပါ ပက်ဂီ၊ မွန် ခေါင်း နောက်လွန်းလို့ ပြန်တော့မယ်..."

ပက်ဂီကြိုင်က ဖော်ရွေပြုံးချိုစွာပင် မွန့်ကို ပြန်၍ အင်္ဂလိပ်လိုနှုတ်ဆက် လိုက်သည်။

"ဟုတ်ပါရဲ့ ပျော်စရာကောင်းတုန်း မွန်ပြန်သွားရတာ ဝမ်းနည်းစရာပဲ။ နောက် တွေ့ကြသေးတာပေါ့။ ပက်ဂီ တို့က ကပွဲဆိုရင် မီးငြိမ်းမှပြန်တမ်းပဲ။ ဘယ်တော့မှအရှုံးမပေးဘူး"

မွန်က ပက်ဂီကြိုင်၏စကားမဆုံးခင် နေရာမှ ထခဲ့လေသည်။

ကိုခင်မောင်ကြည်သည် မွန့်နောက်သို့ အပြေးလိုက်လာသည်။

"မွန် နေမကောင်းရင် ကျွန်တော် လိုက်ပို့မယ်လေ။ ကျွန်တော် ကားပါပါ တယ်"

"နေပါစေ ... ကိုခင်မောင်ကြည်၊ မွန် ပြန်နိုင်ပါတယ်"

ကိုခင်မောင်ကြည်သည် နောက်ထပ် စကားမဆက်နိုင်တော့ချေ။ နေရာတွင် သာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့ တော့သည်။

မွန်သည် ကားကို ခပ်မှန်မှန်မောင်း၍ အိမ်သို့ပြန်ခဲ့သည်။ အိမ်ရောက်တော့ လည်း စိတ်ကမပြေ။ အလိုလိုတစ်ယောက် တည်း ဒေါသဖြစ်နေမိသည်။

အိမ်တွင်ရှိသည့် အခိုင်းအစေများကို အော်ငေါက်ဆူပူမိသည်။ ဘာ့ကြောင့် ခုလိုဖြစ်ရသည်ကိုကား ကိုယ့်ကိုယ်ကို ပြန်စဉ်းစား၍မရ။ ကိုယ့်စိတ်ကိုပင် နုလွန်းသလားဟု သံသယဖြစ်မိသည်။ ဘာမျှ အကြောင်းရှာ၍မရဘဲ ခုလို စိတ်တိုမိခြင်းကား စိတ်ထားသေးသိမ်ရာ ကျသည်ကိုလည်း တွေးမိသည်။

သို့တွေး၍ ကိုယ့်စိတ်ကိုယ်ဖြေသော် လည်း မရ။ ဗစ်တာ့ကိုသာ အလိုလို ဒေါပွ နေမိသည်။

မွန်သည် ညစာထမင်းကိုပင် မစားဘဲ အိပ်ရာထဲသို့ ဝင်ခဲ့မိသည်။ အိပ်ရာထဲ ရောက်တော့လည်း အိပ်၍ကား မပျော်။ ညဦးပိုင်းက ခံပြင်းခဲ့ရသောစိတ်တို့သည် ခုမှပင် တစ်ကိုယ်တည်း ကျိတ်၍ ပေါက် ကွဲမိတော့သည်။

ဗစ်တာပြန်သည့်အချိန်တွင် မွန်သည် အိပ်ရာဘေးမှနာရီကို လှမ်း၍ကြည့် လိုက်မိသည်။ ဗစ်တာပြန်လာသော အချိန်မှာ သုံးနာရီနီးပါးရှိလေပြီ။

မွန်သည် မျက်စိကို ဇွတ်မှိတ်၍ အိပ်ရန် ကြိုးစားလိုက်သည်။ ဘာ ကြောင့်မှန်းမသိ မွန့်မျက်စိထဲတွင် 'မ' မျက်နှာသည် အလိုလိုပေါ်လာသည်။

'မ' ၏ စူးရှတောက်ပသော မျက်လုံး များသည် မွန့်ကို ရန်တွေ့နေသလို ရှိတော့သည်။

"ဒါတွေပြောစရာမလိုပါဘူး မွန်၊ မင်းမှာ ကိုယ်ချင်းစာတရားများရှိခဲ့ရင် မင်း ပိုသိ ပါတယ်။ မင်းအိမ်ထောင်ရေးတုန်းက မင်း ဘယ်လိုဆုံးဖြတ်ခဲ့သလဲ။ ဘယ်သူ့ ကိုများ အသိပေးခဲ့သလဲ။ ဘယ်သူ့ကိုများ တိုင်ပင်ခဲ့သလဲ။ မင်း ကင်းလွတ်မှုကို မင်းကြိုက်သလိုယူခဲ့ပြီးမှ သူများလွတ် လပ်မှုကို မင်း ဝင်စွက်ဖို့မကောင်းဘူး"

'မ' ပြောလိုက်သော စကားသံများ သည် မွန့်နားထဲတွင် အတိုင်းသား ပြန်၍ကြားယောင်နေမိသည်။ သည်တော့ လည်း မွန့်မှာ ကြောက်ရွံ့သလို၊ စိုးရိမ် သလို ဖြစ်လာသည်။

အမှန်တော့ မွန်သည် အယောင်ဆောင် ယဉ်ကျေးမှုမှ ပေါက်ဖွားလာခဲ့ရသော အိမ်ထောင်ရေး၏အရသာကို ပထမဆုံး အကြိမ် ခံစားလိုက်ရသည်ကိုကား သိပေ လိမ့်ဦးမည် မဟုတ်ချေတကား။

[ ၁၈ ]

'မ' သည် စကားတစ်ခွန်းမျှမပြောဘဲ မျက်နှာကြက်ဆီသို့သာ မော့၍ ကြည့်နေ မိသည်။

ဒေါ်ခင်မျိုးသန့်က သူလိုချင်သော အဖြေကို ဇွတ်တောင်းနေသည်။

မွန်က ဘေးမှ ဝင်၍ထောက်ပေးသည်။ ဦးကျော်ဒင်ကမူ မော့်ခုတင်ပေါ်တွင် လက်ထောက်၍ထိုင်ရင်း ငိုင်နေမိသည်။

"မင်း ဒီလိုခေါင်းမာနေရင် အတင်း စီစဉ်ရလိမ့်မယ် ... သိလား။ ချိုချိုသာသာ ပြောရင် မရဘူး။ ငါ့ကိုစမ်းရင် ညည်း ဒုက္ခတွေ့မယ်။ ကျပ်ကျပ်သတိထား"

'မ' သည် မျက်နှာကြက်မှ သွယ်ချထား သောမီးလုံးကလေးကို မော့၍ ကြည့်နေ သည်။

မီးလုံးကလေးကား လေထဲတွင် လှုပ်ယမ်းနေသည်။ အမှန်တော့ 'မ' စိတ် သည်လည်း မည်မျှခိုင်မာသည်ဟု ဆိုသော်လည်း နှဲ့ပါများတော့ လှုပ်ခါ၍ လာသည်။

တစ်ဖက်သတ် ပြတ်ပြတ်သားသား ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်များပင် ဝေ၍လာသည်။

အများနှင့်တစ်ယောက်မို့ အလျှော့ ပေးချင်၍ကား မဟုတ်။ ကိုယ့်ဆန္ဒနှင့် ဆန့်ကျင်သည့်စကားကို ကြားရဖန်များ တော့လည်း နားငြီးလာသည်။

နားထောင်ရသည်ကိုပင် ပင်ပန်း၍ လာသည်။ ပင်ပန်းသည့်ဒုက္ခမှ လွတ် မြောက်လိုသောစိတ်များ ပေါ်၍လာ သည်။ သည်အခါတွင် 'မ' သည် အဝေးသို့ ထွက်ပြေးချင်သည်။

'မ' သည် နားနှစ်ဖက်ကို လက်ဝါးဖြင့် ပိတ်၍ ခေါင်းကိုသာ တွင်တွင်ယမ်းနေ မိသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"မွန်သည် မျက်စိကို ဇွတ်မှိတ်၍ အိပ်ရန် ကြိုးစားလိုက်သည်။ ဘာကြောင့်မှန်းမသိ မွန့်မျက်စိထဲတွင် 'မ' မျက်နှာသည် အလိုလိုပေါ်လာသည်။ 'မ' ၏ စူးရှတောက်ပသော မျက်လုံးများသည် မွန့်ကို ရန်တွေ့နေသလို ရှိတော့သည်။ "ဒါတွေပြောစရာမလိုပါဘူး မွန်၊ မင်းမှာ ကိုယ်ချင်းစာတရားများရှိခဲ့ရင် မင်းပိုသိပါတယ်။ မင်းအိမ်ထောင်ရေးတုန်းက မင်း ဘယ်လိုဆုံးဖြတ်ခဲ့သလဲ။ ဘယ်သူ့ကိုများ အသိပေးခဲ့သလဲ။ ဘယ်သူ့ကိုများ တိုင်ပင်ခဲ့သလဲ။ မင်း ကင်းလွတ်မှုကို မင်းကြိုက်သလိုယူခဲ့ပြီးမှ သူများလွတ်လပ်မှုကို မင်း ဝင်စွက်ဖို့မကောင်းဘူး" 'မ' ပြောလိုက်သော စကားသံများသည် မွန့်နားထဲတွင် အတိုင်းသား ပြန်၍ကြားယောင်နေမိသည်။ သည်တော့လည်း မွန့်မှာ . . ."**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၈၃ ဆူ | ၂၃၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၅ ခန်း | ၃၉၀ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၇၄ စုံ | ၂၂၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၄၅)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် ထီပေါက်စဉ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

က - ၆၁၂၃၃၈

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ခ - ၈၂၁၅၅၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

င - ၆၇၂၅၉၅  စ - ၇၉၄၁၆၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀၀) ဆု (၁)ဆု

ဆ - ၆၇၆၆၂၆

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ဃ - ၂၄၁၇၉၇

က - ၆၇၅၁၈၈

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ည - ၁၂၅၁၉၅  ည - ၃၉၉၁၂၆  ဇ - ၅၈၈၄၄၆

င - ၃၂၉၄၅၀  က - ၅၇၆၅၁၆  ဈ - ၈၇၇၄၅၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၁၀၀) ဆု (၁)ဆု

ဃ - ၇၆၃၀၇၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

စ - ၁၉၆၂၈၉  ဆ - ၆၂၆၂၇၆

ည - ၃၀၄၃၅၆  ဃ - ၆၅၉၈၅၄

စ - ၄၃၇၁၀၇  ဈ - ၉၁၁၆၃၇

ည - ၆၀၈၈၁၇  ည - ၉၆၂၆၄၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများ အပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀) ဆု (၁)ဆု

ဈ - ၉၇၁၄၇၅

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ခ - ၁၀၁၆၉၀  ဈ - ၅၄၁၃၄၆

စ - ၁၀၇၃၇၄  ဇ - ၆၃၈၈၆၅

င - ၁၉၄၃၈၉  ဆ - ၇၆၇၂၃၀

င - ၂၃၇၈၄၂  ဈ - ၇၈၁၅၂၉

ည - ၂၈၁၃၃၃  ဆ - ၉၀၅၅၈၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများ အပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၂၀) ဆု (၁)ဆု

ဆ - ၁၄၁၉၁၆

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

က - ၄၆၁၀၆၁  စ - ၈၂၇၅၅၁

က - ၄၆၆၀၉၀  ဈ - ၈၃၀၆၉၉

ည - ၅၄၃၃၀၀  ဃ - ၈၈၇၁၈၆

ဃ - ၅၈၄၉၈၃  ဈ - ၉၅၁၆၄၈

ည - ၇၃၅၀၅၉  ဆ - ၉၈၁၈၉၉

ဂ - ၇၆၁၁၄၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများ အပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁၀)သိန်း ဆု (၁)ဆု

ဈ - ၈၇၅၀၈၂

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

စ - ၁၁၉၂၆

စ - ၇၅၁၆၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဈ - ၃၇၈၉

ဈ - ၄၁၅၅

ဂ - ၇၂၄၅

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၀)ယူနစ်

က - ၅၁၂

က - ၆၀၅

ခ - ၆၀၉

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သိန်းဆုများ (၇)ယူနစ်

ခ - ၅၁၈  စ - ၇၇၁  ဆ - ၉၀၇

င - ၆၂၂  ဇ - ၇၈၄  ဃ - ၉၄၃

ဃ - ၇၃၂

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

စ - ၅၆

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၅)သောင်းဆုများ (၂)ယူနစ်

ဂ - ၃၄  ဆ - ၈၄

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၁)ယူနစ်

ည - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဃ - ၁၅၇၇၇၇  င - ၂၅၃၀၈၆  က - ၃၉၉၀၄၈  င - ၇၅၄၁၀၁

စ - ၂၄၈၄၆၁  ခ - ၂၇၇၇၈၈  ဂ - ၆၉၀၇၁၅

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၄)ယူနစ်

က - ၃၄၀၉၄  င - ၄၅၆၈၇

စ - ၄၁၅၅၆  ဂ - ၈၂၇၃၃

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၁)ယူနစ်

ဆ - ၂၆၃၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁)ယူနစ်

ဂ - ၇၅၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၄၅) ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အတွက် ဆုမဲ ( ၆၉၀၉၅ )ဆု ဖွင့်လှစ်ပေး ခဲ့ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၄၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများ အား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၂-၁၂-၂၀၂၂ )ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၂-၁၂-၂၀၂၂ ) ရက်နေ့မှစ၍ လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

# မြန်မာနိုင်ငံဘားကုဒ်အသင်း
# အသင်းသူ၊ အသင်းသားများ သိသာပါရန်
# (ဒုတိယအကြိမ်အသိပေးနှိုးဆော်ခြင်း)

မြန်မာနိုင်ငံဘားကုဒ်အသင်း၏ ၂၀၂၂-၂၀၂၄ ခုနှစ်၊ (၂) နှစ်သက်တမ်းအတွက် တာဝန်ယူ ဆောင်ရွက်မည့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ၁၇-၁၂-၂၀၂၂ရက် (စနေနေ့)၊ မွန်းလွဲ ၁း၀၀ နာရီတွင် Online Zoom Meeting ဖြင့် ပြောင်းလဲကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ ဆန္ဒမဲပေးကြပါရန် ဒုတိယအကြိမ် ထပ်မံဖိတ်ကြားအပ်ပါသည်။ အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးပွဲကိုလည်း ၁၈.၁၂.၂၂ ရက်နေ့ နံနက် ၁၀ နာရီတွင် Online မှတဆင့်ကျင်းပပြုလုပ်မည်ဖြစ်ရာ၊ အခမ်းအနား (၂) ခုလုံးသို့ တက်ရောက်ရန် Zoom Meeting link များအား အသင်းဝင်များ Email သို့ပေးပို့ထားပါမည်။

**ဆန္ဒမဲပေးမည့် အသင်းဝင်များ သိသာရန်**

(၁) ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ၊ (၃၀) ရက်အထိ အသင်းဝင်ထားသူများအားလုံး မဲပေးခွင့်ပြုပါသည်။

(၂) အသင်းဝင်များ သက်တမ်းတိုးနှစ်စဉ်ကြေးပေးသွင်းခြင်းကို ၃၀-၁၁-၂၀၂၂ ရက် နောက်ဆုံးထား အကျေအလည် ပေးသွင်းပြီးမှသာ ဆန္ဒမဲပေးခွင့်ပြုမည်။

(၃) ဆန္ဒမဲပေးမည့် အသင်းဝင်များ မှတ်ပုံတင်ခြင်းကို **၁၂-၁၂-၂၀၂၂ ရက်နေ့ ညနေ ၄** နာရီအထိ နောက်ဆုံး လက်ခံမည်ဖြစ်ပြီး၊ အောက်ဖော်ပြပါ အသင်းရုံးဖုန်းနှင့် Email သို့ဆက်သွယ်၍ ဆန္ဒမဲပေးရန်မှတ်ပုံတင်ပုံစံ ရယူနိုင်ပါသည်။

**မှတ်ချက်။ ။ ဆန္ဒမဲပေးမည့်သူများအနေဖြင့် ကြိုတင်မှတ်ပုံတင်မှသာ မဲပေးခွင့်ရရှိမည်ဖြစ်ပါသဖြင့် မှတ်ပုံတင်ခြင်းအား Phone/Viber – 09446868002, Email: support@gs1myanmar.org သို့ ဆက်သွယ်၍ သတ်မှတ်ရက်မတိုင်မီ အမည်စာရင်းပေးပို့ စာရင်းပေးသွင်းနိုင်ပါသည်။**

**အလုပ်အမှုဆောင်ဆန္ဒပြုသူ အသင်းဝင်များ သိသာရန်**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အရွေးချယ်ခံမည့်ပုဂ္ဂိုလ်သည် အသက် (၂၅) ပြည့်ပြီးသူဖြစ်ရမည်။

(၃) အသင်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ စည်းကမ်းသတ်မှတ်ချက်များ လိုက်နာနိုင်သူ ဖြစ်ရမည်။

(၄) ၃၀.၁၁.၂၀၂၂ ရက်တွင် အသင်းဝင်သက်တမ်း တစ်နှစ်ပြည့်ပြီး၊ နှစ်စဉ်ကြေးများကို အသင်းရုံးသို့ ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အကျေအလည် ပေးသွင်းပြီးသူဖြစ်ရမည်။

(၅) သတ်မှတ်ထားသောရက်အတွင်း အသင်းဝင်သက်တမ်း (၁) နှစ် ပြည့်ပြီးသူများသာ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

(၆) အလုပ်အမှုဆောင် ဆန္ဒပြုသူများ၏ ဆန္ဒပြုလွှာများကို **၁၀-၁၂-၂၀၂၂** ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား ပေးပို့ရမည်။

(၇) မြန်မာနိုင်ငံဘားကုဒ်အသင်း၌ အလုပ်အမှုဆောင်သက်တမ်းတစ်ခု အနည်းဆုံးတစ်ကြိမ် တာဝန်ယူထမ်းဆောင် ခဲ့သူသည် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် အဖြစ် ရွေးချယ်ခံခွင့်ရှိသည်။

(၈) အလုပ်အမှုဆောင်လျှောက်လွှာများအား အသင်းရုံး Email: support@gs1myanmar.org သို့ ဆက်သွယ် တောင်းယူ၍ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ပြီး၊ သတ်မှတ်ရက်မတိုင်မီ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထား နိုင်သည်။ **ပေးပို့ရန်လိပ်စာ - အမှတ် (၂၉) ၊ အခန်း (၅၀၂) ၊ ၅ လွှာ၊ UMFCCI Office Tower ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဘားကုဒ်အသင်း

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃၄)(၁၀)ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၂၈၄/ခ)နေ ကျွန်မဒေါ်မြင့်မြင့်စန်း[၇/ပခတ(နိုင်) ဝ၆၃၂၇၁]၏သား မောင်နေမျိုးသီဟ [၁၂/ရပသ(နိုင်) ဝ၈၈၅၇၁]ကိုင်ဆောင်သူသည် မိခင်၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မိခင်စိတ်ဆင်းရဲစေသည့်လုပ်ဆောင်မှုများအား အကြိမ်ကြိမ်ဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်–ဒေါ်မြင့်မြင့်စန်း**

## မွေးသက္ကရာဇ်အမှန်

သန်လျင်မြို့၊ T.T.E.C (ကိုယ်ပိုင်ကျောင်း) စနစ်သစ် G–10 မှ ဦးမိုးသူရိန်မြင့် [၁၂/သလန(နိုင်) ဝ၇၃၁၇၂]၏ သမီး မဆုရတနာထက်၏ မွေးသက္ကရာဇ် အမှန်မှာ ၆–၄–၂၀၀၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း(၁၀)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၃၁၂/A–2)၊ (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း ပေ (၁၉x ၅၄) စတုရန်းပေရှိ တိုက်ခန်းအပါအဝင်၊ ၎င်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရောက်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နုနုအောင် [၁၂/ဥကတ(နိုင်) ၁၄၉၂၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းထိုက်အောင် [၈/မလန(နိုင်) ဝ၈၉၉၄၈]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေး ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၀၁)**
**အမှတ်(၇၉၃)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉– ၅၁၃၁၂၀၃၊ ၀၉– ၂၅၁၀၁ ၂၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း(၁၂)ရပ်ကွက်၊ ဘုရင့်(၁၂)လမ်း၊ အမှတ်(၉၁၇/ခ)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏မြေညီထပ်(ခြေရင်းခြမ်း)၊ အကျယ်အဝန်းပေ(၁၄ x ၅၅)ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်အစပ်ဆက် စာချုပ်များဖြင့် လက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဝင်းမင်း[၈/ရနခ(နိုင်) ဝ၀ဝ၉၅၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၀၁)**
**အမှတ်(၇၉၃)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၁၂၅၃၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံးတော်
## ၂၀၂၀ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၉

| | | |
|---|---|---|
| ဒေါ်အေးနွဲ့ | | ၁။ ဒေါ်သန္တာဦး |
| | နှင့် | ၂။ ဒေါ်သင်းသင်းခိုင် |
| | | ၃။ ဦးသန့်ဇင်(ခ) အန့်ကူ(ခ) သန့်ဇင်လတ် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၆၈)နေ (၃) တရားပြိုင် ဦးသန့်ဇင်(ခ) အန့်ကူ(ခ) သန့်ဇင်လတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက 'အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု' လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သော သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက် (၁၃၈၄ခုနှစ်၊ နတ်တော်လဆုတ် ၆ ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိုက်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်သို့ အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မျိုးအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မဉ္ဇူရွှေ [၁၂/ပဇတ(နိုင်) ဝဝ၉၁၈၃] ကိုင်ဆောင်သူမှ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဦးလှမြင့် [၁၂/စခန(နိုင်) ဝ၁၅၈၉၄] ကိုင်ဆောင်သူ ပိုင်ဆိုင်သော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်း၊ အမှတ်– 2A/2 မြေကွက်ပေါ်ရှိ RC (၈)ထပ်တိုက်ရှိ အခန်းအမှတ်–5/A အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မဉ္ဇူရွှေမှ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါစာချုပ်သည် ယခုအခါ၌ ပျောက်ဆုံးသွားပါသဖြင့် ဒေါ်မဉ္ဇူရွှေမှ စာချုပ်အသစ် ပြန်လည်ချုပ်ဆိုမည်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ကန့်ကွက်မည်ဆိုပါက (၉)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မဉ္ဇူရွှေ** | **ဦးဝင်းသိန်း** |
| **[၁၂/ပဇတ(နိုင်) ဝဝ၉၁၈၃]** | **အထက်တန်းရှေ့နေ(စဉ်–၅၀၅၂၅/ ၂၀၁၈)** |
| | **အမှတ်–၁၇၃၊ B–2၊ မြင်တော်သာလမ်း၊** |
| | **၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း–၀၉–၄၃၁၁၈၉၄၈၊ ၀၉–၉၆၃၃၀၈၀၀၈** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ဇောတရုံလမ်း၊ အမှတ်(၆၇၅)၊ (၆)ထပ်တိုက်၏၄လွှာ၊ (တတိယ)ထပ်၊ ခြေရင်းခန်း၊ အကျယ်(၁၉ပေ x ၅၄ပေ)ရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်သန်းငွေး[၉/တကန(နိုင်) ဝ၃၆၁၇၃]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးရွှေသန်း[၄/ပလဝ(နိုင်)ဝ၂၀၉၄၁]နှင့် ဒေါ်သန်းသန်းနွယ်[၁၁/ကတန(နိုင်)ဝ၅၉၆၄၂] တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း) များနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၁)**
**အမှတ်(၈၂) ၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း–၀၉–၄၂၀၀၉၄၆၃၊ ၀၉–၇၉၈၄၀၆၃၇၇**

**ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁) သုမိတ္တာ(၄)လမ်း၊မြေကွက်အမှတ်(၁၂၂)အကျယ်အဝန်း(၂၅ x ၅၀)ပေရှိဦးအုန်းလွင်(၁၂/ဥကမ(နိုင်)၀၂၅၀၅၁)အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အားအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ကတိစာချုပ်ဖြင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးအရှုပ်အရှင်းကင်းရှင်းစွာဖြင့်လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ**ဦးတင်ထွေး(၁၂/ဥကမ(ပြု)၀၀၀၆၃၉)**ထံမှကျွန်ုပ်၏မိတ်ဆွေ**ဒေါ်နှင်းယုမော်(၁၂/ဥကမ(နိုင်)၀၀၂၁၄၃)**ကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– **ဒေါ်နွယ်နီအေး(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၃၉)
အမှတ်(၃/၁၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း –၀၉ – ၂၅၂၂၁၀၈၀၇

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## လှိုင်မြို့နယ်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၅

| | | |
|---|---|---|
| ဒေါ်ထက်ထက်အောင် | နှင့် | ညိုမင်းထက် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ သလ္လာဝတီ(၅)လမ်း၊ အမှတ်(၇၇၇)နေ (ယခုနေရပ်လိပ်စာမသိ) ဦးညိုမင်းထက် သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပေးစေလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်၊ (၁၃၈၄ ခုနှစ်၊ နတ်တော်လကွယ် ၁၄ရက်)မွန်းမတည့်မီ (၁၁)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြည့်ပြည့်ထင်ကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လှိုင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်အမှတ်–၄၃/၄၄ ဟုခေါ်တွင်သော (Basement+၈ထပ်ခွဲ) အဆောက်အဦ၏ စတုတ္ထထပ် (၅–လွှာ)၊ B– ခန်း၊ တိုက်ကိုမျက်နှာမူ၍ ကြည့်လျှင် (ညာဘက်ခြမ်း)၊ ခန့်မှန်းခြေအကျယ် (၃၀ပေ x ၇၀ပေ) (၂၁၀၀ စတုရန်းပေ) ရှိ ဓာတ်လှေကားပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အမွေစားအမွေခံမှုစပြီး အမှုအခင်း အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ထားမော်(ဘ)ဦးဟံတီ [၁၄/ပသန(နိုင်) ဝ၅၇၅၅၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူဝင်း(ဘ)ဦးအောင်သိန်း [၁၄/မအပ(နိုင်) ဝ၀ဝ၄၇၁]က အပြီးအပိုင်ဝယ်ယူရန် ကွန်ဒိုတိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)နှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း (လူကိုယ်တိုင်) လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးငွေသန်း LL.B**
**တရားလွှတ်တော်ရှေ့နေ စဉ်–၂၇၇၄ (၁၁–၉–၁၉၈၄)**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၁–E)၊ ပထမ–ထပ်၊ ၃၆–လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်–(၈၉/၄၂)၊ မြေအကျယ်အဝန်း (၂၈ပေ x ၅၀ပေ)ရှိ ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦသည် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ (၂)ဦး သဘောတူဆောက်လုပ်ပြီး အခန်းခွဲဝေခြင်းစာချုပ်အရ မြေပိုင်ရှင် ဒေါ်တင်ဝင်း [၁၀/ကထန(နိုင်) ဝ၄၄၉၉၂] ရပိုင်ခွင့်ရှိသည့် ပေ (၁၂ x ၅၀)ရှိ (ဒုတိယထပ်) (၃–လွှာ) (ညာဘက်) ခန်း တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်သူ မြေပိုင်ရှင် ဒေါ်တင်ဝင်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နွယ်နီတင် (LL.B)** | **ဒေါ်ပန်းအိမ်စည်(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၆၉၃၉)** | **အထက်တန်းရှေ့နေ(စဉ်–၅၁၇၃၅)** |

**အမှတ်–၄၉၃၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်။**
**ဖုန်း–၀၉–၉၆၅၁၉၈၇၉၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ တကောင်ဘွားလမ်း၊ အမှတ်(၃၆)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦ၏ မြေညီထပ် (ခြေရင်းခန်း)၊ ဧရိယာ(၁၂½x ၃၅)ပေရှိ တိုက်ခန်း(၁)ခန်း၊ ရေ၊ မီတာ အပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်အေးအေးသန်း [၁၂/ဥကမ(နိုင်) ဝ၀၉၂၃၁]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားကြောင်းနှင့် မိမိသာလျှင် တရားဝင် ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ရောင်းချရန် အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးလွှမ်းမိုးမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စီစီအေး(စဉ်–၁၅၅၀၉)**
**တရားလွှတ်တော်ရှေ့နေ(LL.B,D.B.L)**
**အမှတ်(၁၄၆)၊ ပထမထပ် (အေ) ၊ဓေယျာသီရိ(၇)လမ်း၊ ဓေယျာသီရိရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၄၂၀၀၃၅၁၇၇**

## အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-ကမာကဆစ်၊ မြေကွက်အမှတ်-၇၄၄(က)၊ ဧရိယာစတုရန်းပေ (၁၂၀၀)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၇၄၄(က)၊ ဗိုလ်ဥတ္တမလမ်းနှင့် ပိတောက်လမ်းထောင့်၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်အပါအဝင် ယင်းနေအိမ်တွင် သွယ်တန်းတပ်ဆင်ထားသော ရေ၊ မီး၊ မီလ္လာ အပါအဝင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ပိုင်ဆိုင်သည့် ဦးအီစမိုင်(ခ)ဦးတင်လှ [၁၂/ဒလန(နိုင်)၀၃၅၁၈၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါပြီး(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ တရားဝင်ကန့်ကွက်နိုင်ပါကြောင်း ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း LL.B, DBL, DML, DIL, DIPL, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၁)**
**အခန်း -၁၆(ခ)၊ ပထမအထပ်၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၂၈၉၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၂၄၃)နေ ဦးဂျိုးဇက် (မှတ်ပုံတင်အမှတ်-DLA-၀၁၅၃၈၅)၏ မိဘများဖြစ်သော ဦးအာရဂျွန်၊ ဒေါ်အာရာကရီးတို့ ကွယ်လွန်စဉ် ဒလမြို့၊ မြေတိုင်းရပ်ကွက်(၂)၊ လူနေရပ်ကွက် (စက်မြေ)၊ မြေအကျယ် (၂၀ပေ x ၆၀ပေ)၊ ဆရာစံလမ်း၊ အမှတ်(၂၄၃) အမည်ဖြင့် မြေကွက်(၁)ကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်-၂၈၀/က၊ မြေအကျယ် (၂၀ပေ x ပေ၆၀) မြေကွက်(၁)ကွက်၊ စုစုပေါင်း မြေကွက်(၂)ကွက်ကျန်ရစ်ခဲ့ပါသည်။ ယခုအခါ ဦးဂျိုးဇက်မှ မိသားစု အမွေဆိုင်များဖြစ်သည့် ဒေါ်ပါသီး၊ ကိုလာစရူး၊ ဒေါ်ရို့မေရီ [၁၂/ဒလန(ပြု) ၀၀၁၃၇၄]၊ ဒေါ်ဟာပူစာ [၁၂/ဒလန(ပြု)၀၁၄၉၅၈]၊ ဒေါ်ညာန္တန် [၁၂/ဒလန(ပြု)၀၀၁၃၈၀]တို့(၅)ဦးအား ၎င်းတို့ ရသင့်ရထိုက်သည့် အမွေဝေစုအသီးသီးကို (၁၀-၁၁-၂၀၂၂)ရက်စွဲပါ အမွေခွဲဝေပေးခြင်း ကတိစာချုပ်ဖြင့် ခွဲဝေပေးအပ်ပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်(၂)ကွက်နှင့် စပ်လျဉ်း၍ ဒေါ်ပါသီးပါ(၅)ဦးတို့သည် အမွေဆက်ခံခွင့်နှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဂျိုးဇက်** | **ဦးအောင်မြင့် (LL.B)** |
| **DLA -၀၁၅၃၈၅** | **အထက်တန်းရှေ့နေ(စဉ်-၂၁၇၂၄)** |
| | **ဖုန်း-၀၉- ၄၂၁၀၀၀၃၁၆** |

## "ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်- ၇၂၀/ခ၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) ရှိသော မြေကွက်သည် ရန်ကုန်မြို့မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းရှိ မြေယာဌာနတွင် ဦးစံထွန်း(O/RGN-၀၀၁၇၉၂) အမည်ပေါက်သော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၇၂၀/ခ၊ ငထွေရှူးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ကတိစာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြတင် [၁၂/ဥကတ(နိုင်)၀၄၀၁၀၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းရွှေ [၁၁/ရဗန(နိုင်)၀၄၁၀၉၁]နှင့် ဒေါ်နွယ်မာ [၁၁/ရဗန(နိုင်)၀၆၆၉၄၀]တို့က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၈၆)**
**အမှတ်( ၃၁၂)၊ ဗဋ္ဋိလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၀၁၅၉၇**

## မဇာကြည်လင်း (ဘ) ဦးစောစိန်ထွန်း [၁၂/ရကန(နိုင်) ၀၉၄၅၄၁] နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ C&H Brothers (Myanmar) Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

C&H Brothers (Myanmar) Co.,Ltd သည် မြန်မာနိုင်ငံတွင် (၁၁-၁၂-၂၀၁၈) ရက်မှစ၍ တရားဝင်မှတ်ပုံတင်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အရောင်းပြခန်းဖွင့်လှစ်၍ လည်းကောင်း၊ social media platform များတွင် လည်းကောင်း (Pon Pon) အမည်ဖြင့် Child Diaper, Adult Diaper, Wipes, Freestyle လစဉ်သုံးပစ္စည်း စသည့်ပစ္စည်းများကို တရားဝင်တင်သွင်းရောင်းချရာတွင် အမည်ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

ယခုအခါ ကုမ္ပဏီ၏ အရောင်းတာဝန်ခံဖြစ်သူ မဇာကြည်လင်း(ဘ) ဦးစောစိန်ထွန်း [၁၂/ရကန(နိုင်) ၀၉၄၅၄၁] ကိုင်ဆောင်သူ သည် ကုမ္ပဏီအမည်ဖြင့် ငွေကြေးလိမ်လည်ကောက်ခံခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းကို သိရှိရပါသည်။ ကုမ္ပဏီသို့လာရောက် ဆက်သွယ်မှု လုံးဝမရှိခြင်းတို့ကြောင့် ကုမ္ပဏီတွင် များစွာထိခိုက်နစ်နာခဲ့ရပါသည်။

ထို့ကြောင့် မဇာကြည်လင်းအား (၁၀-၁၁-၂၀၂၂)ရက်မှစ၍ အလုပ်မှရပ်စဲခဲ့ပြီး မဇာကြည်လင်းအား တည်ဆဲဥပဒေများနှင့် အညီ ဆက်လက်အရေးယူဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ ဝန်ထမ်းဟောင်းဖြစ်သူ မဇာကြည်လင်း၏ ဆောင်ရွက်မှုများသည် ကျွန်ုပ်တို့၏ မိတ်ဆွေ C&H Brothers (Myanmar) Co.,Ltd နှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်သီရိဝင်း** | **ဒေါ်ယမင်းထွေး** | **ဒေါ်လွင်မာဦး** |
| **(စဉ်-၁၀၁၁၀/၂၀၁၄)** | **(စဉ်-၁၂၃၆၅/၂၀၁၇)** | **(စဉ်-၄၅၀၄၄/၂၀၁၄)** |
| **LL.B, D.B.L, D.I.L** | **LL.B** | **LL.B, D.B.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၁၃၇)၊ ရွှေတဆုပ်လမ်း၊ (၁၀၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၁၉၇၄၅၊ ၀၉-၄၂၂၁၁၉၉၀၊ ၀၉-၄၅၆၉၉၆၇၇၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၆၇၇၊ မြေကွက်တည်နေရာအမှတ်-၆၇၇၊ စွယ်တော်လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဧရိယာ-၀.၀၅၈ဧက၊ ဦးတင်ရွှေ(TKA-016905) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေသည် ( ၁၁-၁၀-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ ဒဂုံမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ ၂ စောင်၊ အိမ်ထောင် စု လူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဒေါ်ခင်မမ[၁၂/သကတ(နိုင်)၁၀၈၄၃၄]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-(၁၆၆၄/၂၅-၃-၂၀၀၄)ဖြင့် GPရသူ ဦးကျော်ဝင်းထွန်း[၁၂/သကတ(နိုင်)၁၅၇၃၉၂]မှ အမည်ပေါက် ဦးတင်ရွှေ ပိုင်ဆိုင်သည့် (၀.၀၅၈)ဧက၊ (၄၂' x ၆၀')အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်း (၂၁' x ၆၀')အားလည်းကောင်း၊ ပူးတွဲလျှောက်ထားသူ ဦးဆန်းဝင်းမြတ်[၁၂/သကတ(နိုင်)၁၄၀၉၀၆]နှင့် ဒေါ်နီလာခင်[၁၂/သကတ(နိုင်)၁၃၈၇၉၅]တို့မှလည်း တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်အခြမ်း (၂၁' x ၆၀')အား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ်-(၃၃၆/၂၀-၁-၂၀၂၁) ရက်နေ့တွင် ဝယ်ယူထားကြောင်း စာချုပ်တင် ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းဖြစ်ပါသည်။ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် RC ၁ ထပ် ၁ လုံးတွင် ဦးဆန်းဝင်းမြတ်၊ ဒေါ်နီလာခင်တို့နေထိုင်ပြီး ၁ထပ်သွပ်မိုး ပျဉ်ကာ ၁ လုံးတွင် ဒေါ်ခင်မမနေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်မမ၏ GP ဦးကျော်ဝင်းထွန်းနှင့် ပူးတွဲလျှောက်ထားသူ ဦးဆန်းဝင်းမြတ်၊ ဒေါ်နီလာခင်တို့၏ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၇ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၇၅

| | | |
|---|---|---|
| ဒေါ်တူးတူးမေ | နှင့် | ၁။ ကောင်းမြန်မာအောင်သဘောကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စားဦးဆွေလင်း (အမှုဆောင်အရာရှိချုပ်)၏ အခွင့်ရကိုယ်စားလှယ်စာရသူ မန်နေဂျာ ဦးအောင်သန်းညွန့်) |
| | | ၂။ ဒေါ်ငွေး(ဒေါ်ငွေးသဲကျောက်လုပ်ငန်း) |
| | | ၃။ ဦးမြင့်အောင် (မူလရုံးတွင် တစ်ဖက်သတ်စစ်ဆေးခြင်းခံရသူ) |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၁၇ခုနှစ်၊ ဇနဝါရီလ ၂၅ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၉၅/၂၀၁၃အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကမ်းနားပတ်လမ်း၊ အမှတ်(၂၂၈/၅)နေ အမှတ်(၂) ဤယူခံတရားပြိုင် ဒေါ်ငွေး(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၂၉)ရက်(၁၃၈၄ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၈၁၇)၊ မြေကွက်တည်နေရာအမှတ်(၈၁၇)၊ ပျဉ်းမဖြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသန်းလွင်(ဂျေ/အာန်ဂျီအင်န်-၀၁၈၃၃၁)[၁၂/အလန(နိုင်)၀၁၉၇၅၄]၊ ဦးတင်ဝင်း(ကေအယ်လ်တီ-၀၀၄၈၁၇)[၁၂/စခန(နိုင်) ၀၆၂၄၂၉]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား မြေအမည်ပေါက် ဦးသန်းလွင်နှင့် ဦးတင်ဝင်းတို့(၂)ဦးအနက် ဦးသန်းလွင်သည် (၁၅-၁၂-၂၀၁၄)ရက်နေ့တွင် (လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သွားခဲ့ပြီး အခြားသောကိတ္တိမသားသမီးလည်း မွေးစားခဲ့ခြင်းမရှိကြောင်း၊ ကျန်အမည်ပေါက်(၁)ဦးဖြစ်သူ ဦးတင်ဝင်းမှ (တရားလိုပြု၍) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊တရားမကြီးအမှုအမှတ်-၁၀/၂၀၂၂ဖြင့် ဦးမြင့်ထွန်းအပေါ် တရားပြိုင်ထားကာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ မြေကွက်အမှတ်-၈၁၇၊ အကျယ်အဝန်း (၃၉/၄၀'x ၆၀')၊ ဧရိယာ(၂၃၇၀)စတုရန်းပေ၊ (၀.၀၅၄)ဧကရှိ အချင်းဖြစ်အိမ်မြေ၏ ထက်ဝက်အစုကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့်(၁၆-၅-၂၀၂၂)ရက်စွဲပါ စီရင်ချက်နှင့် အနိုင်ဒီကရီလျှောက်ထားသူ ဦးတင်ဝင်း၏(ဖခင်) ဦးမြသည် (၁၇-၃-၂၀၀၅)ရက်နေ့နှင့် (မိခင်) ဒေါ်ခင်ညွန့်သည်(၁၃-၁၀-၂၀၀၇)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း ဦးတင်ဝင်းမှ ၎င်းတစ်ဦးတည်းသာ မွေးဖွားခဲ့ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အခြားသောကိတ္တိမသား/သမီးလည်းမွေးစားထားခဲ့ခြင်းလည်းမရှိပါကြောင်း(ဖခင်)ဦးမြနှင့် အမည်ပေါက်ဦးသန်းလွင်(ဦးလေး)တို့၌ ၎င်းတို့ညီအစ်ကို(၂)ဦးတည်းသာ မွေးဖွားခဲ့ကြောင်းနှင့် ၎င်းတို့ညီအစ်ကိုနှစ်ဦးမှလွဲ၍ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အခြားသော ကိတ္တိမသားသမီးလည်းမွေးစားထားခဲ့ခြင်းမရှိကြောင်း၊ ဦးလေးဖြစ်သူ မြေအမည်ပေါက် ဦးသန်းလွင် ကွယ်လွန်ပြီးနောက် ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံသူအဖြစ် ကျန်ရစ်ခဲ့ပြီး ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံချက် ကျမ်းကျိန်လွှာ(၂)စောင်၊ (ဦးလေး) ဦးသန်းလွင်၏သေဆုံးမှုလက်မှတ်၊ (ဖခင်)ဦးမြနှင့်(မိခင်) ဒေါ်ခင်ညွန့်တို့၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ တရားမကြီးမှုအမှတ်-၁၀/၂၀၂၂ တို့တင်ပြ၍ဦးတင်ဝင်း[၁၂/စခန(နိုင်) ၀၆၂၄၂၉]မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ကို ပြန်လည်ဖွဲ့စည်းကြောင်း အသိပေးကြေညာခြင်း

Yin Aye Finance Co.,Ltd အသေးစားငွေကြေးလုပ်ငန်း ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ကို (၂၀-၉-၂၀၂၂) ရက်တွင် ကျင်းပပြုလုပ်သည့် Yin Aye Finance Co.,Ltd ဒါရိုက်တာများ အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ပြောင်းလဲဖွဲ့စည်းထားပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ယခင် | စဉ် | ယခု |
|---|---|---|---|
| ၁။ | ဦးနေစိုးနိုင် မန်းနေးဂျင်းဒါရိုက်တာ | ၁။ | ဦးနေစိုးနိုင် မန်းနေးဂျင်းဒါရိုက်တာ |
| ၂။ | ဒေါ်သိန်းသိန်း ဒါရိုက်တာ | ၂။ | ဒေါ်သိန်းသိန်း ဒါရိုက်တာ |
| ၃။ | ဒေါ်ခင်သန်းလွင် ဒါရိုက်တာ | ၃။ | ဒေါ်ဖူးပွင့်ဝေ ဒါရိုက်တာ |

ဒါရိုက်တာအဖွဲ့ — ဒါရိုက်တာအဖွဲ့

Yin Aye Finance Co.,Ltd

## အများပြည်သူသိရှိစေရန်ကြေညာချက်

Yin Aye Finance Co.,Ltd အသေးစားငွေကြေးလုပ်ငန်း ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ကို (၂၀-၉-၂၀၂၂) ရက်တွင် ကျင်းပပြုလုပ်သည့် Yin Aye Finance Co.,Ltd ဒါရိုက်တာများ အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ဒေါ်ခင်သန်းလွင် ဒါရိုက်တာအဖြစ်မှ နုတ်ထွက်ခြင်းနှင့် ဒေါ်ဖူးပွင့်ဝေ ဒါရိုက်တာအဖြစ် ဝင်ရောက်ခြင်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါစာအမှတ်၊ ငကစ/ကက-၆(၇၄/၂၀၁၅)အရ ငွေကြေးဝန်ဆောင်မှုပေးနေသည့် အသင်းသားများနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**Yin Aye Finance Co.,Ltd**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အလွှမ်းဆွတ်ကျေးရွာ၊ ကွင်းအမှတ်(၆၅၄)၊ မြေယာရိုးကွင်း၊ ဦးပိုင်အမှတ်(၄၈/၃)၊ ဒေါ်လှရင်အမည်ပေါက်(ဥယျာဉ်ခြံမြေ)၊ အကျယ်အဝန်း(၀.၅၀)ဧကရှိ မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဦးစန်းမြင့်(၁၂/သလန(နိုင်) ၀၂၉၅၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးသိန်းဇော်ဦးမှ ဝယ်ယူရန်အတွက် စရံငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ဆန်းသီတာဝင်း (LL.B) | ဒေါ်နှင်းယုလှိုင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၃၇၀၀) | အထက်တန်းရှေ့နေ(စဉ် - ၅၀၁၀၅) |

သန်လျင်ခရိုင်တရားရုံးရှေ့(ရှေ့နေရုံးခန်း)
ဖုန်း၀၉၈၈၂၄၉၄၁၄၁၊၀၉၂၆၂၅၅၁၀၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁/သမိုင်း၊ မြေကွက်အမှတ် ၂/ည ၇/D၊ ဧရိယာ (၀.၀၆၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၄၅)၊ ဘီ-၄၊ သီရိမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးဌေးမင်းထွန်း၊ ဒေါ်မြရွှေဝါအမည်ပေါက် မြေပိုင်မြေ(လ/န-၃၉)မြေအား၊ အမည်ပေါက် ဦးဌေးမင်းထွန်း[၁၂/ကမတ(နိုင်)၀၀၀၆၉၃]၊ ဒေါ်မြရွှေဝါ[၁၂/ကမတ(နိုင်)၀၀၁၇၆၉]တို့နှစ်ဦးအနက် ဦးဌေးမင်းထွန်းသည် (၄-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်မြရွှေဝါမှ တစ်ဦးတည်းသောဇနီးဖြစ်သူ ၎င်းကသာ ဦးဌေးမင်းထွန်း ပိုင်ဆိုင်သောအစုကို အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံး ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ အမည်ပေါက်စာချုပ်တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၆)၊ ဗိုလ်ထွန်းလင်းလမ်း၊ မြေကွက်အမှတ်-(၁၀၁၇)ဟုခေါ်တွင်သော မြေဧရိယာ(၀.၀၅၅)ဧက၊ မြေအကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဦးမောင်ကျော်(ခ)ဦးကျော်ကြီး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်မော်[၁၂/ဥကတ(နိုင်)၀၁၁၈၇၆]မှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၉၆၂/၂၀၁၁)အရ မိမိလက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် အပြီးအပိုင်ရောင်းချ ရန်ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဇာခိုင်[၇/ပမန(နိုင်)၀၆၉၅၀၇] က ဝယ်ယူရန် (၃၀-၁၁-၂၀၂၂)ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ၎င်းမြေကွက်၏ ပိုင်ဆိုင်မှု အကျိုးခံစားခွင့်တို့နှင့်ပတ်သက် ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသေချာသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိ ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးစုလှိုင်(LL.B, D.B.L, D.I.L) အထက်တန်းရှေ့နေ(စဉ်-၃၄၅၁၇)**
**တိုက်(၃၆)၊ ဒုတိယထပ်(ဝဲ)၊ ကျားကွက်သစ်လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်။**
**Ph: 09-422662324, 09-691996320**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဧယျာသုခလမ်း၊ အမှတ်- ၂/ခ၊ မှန်ခန်း (အကျယ် ၁၉ပေ x ၅၅ပေ)** ရှိ အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်(လျှပ်စစ်မီတာ+ရေမော်တာအပါအဝင်) ကို အဆင့်ဆင့်သော အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်လက်ရှိဖြစ်သူ **ဒေါ်ဇင်မေဦး [၁၂/မရက(နိုင်)၁၅၅၂၂၃]** က ရောင်းချသဖြင့် **ဒေါ်ဒီမ်ရှင်းမွှောင် [၅/ကလထ(နိုင်)၁၀၄၁၂၃]**က ဝယ်ယူရန် သဘောတူ၍ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဟန်နီဒိုင်ဆာခ့်** | **ဦးဒိုင်ဆာခ့်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၁၄၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၂၂)** |

**အမှတ်-၁၂၁၊ အခန်း-၁၂ (ဒုတိယထပ်)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၇၈၄၊ ၀၉-၉၆၈၂၅၆၂၈၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ တိုက်အမှတ်(၁၉)ဟုခေါ်တွင်သော (၈)ထပ်နှစ်ခန်းတွဲတိုက်၏ အခန်းအမှတ်(၅လွှာ/အေ)၊ တိုက်ခန်းနှင့် ရေမီးသုံးစွဲခွင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဦးလှမြင့် [၁၂/စခန(နိုင်)၀၅၃၉၁၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး

## ဒေါက်တာ ဦးဆွေမြင့်
## (အရေပြားအထူးကုဆရာဝန်ကြီး)
### အသက် (၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ (ဦးကျော်စိန်-ဒေါ်ခင်ကြီး)တို့၏ သားလတ်၊ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ သာသနာ့လင်းရောင်ကြည် ကွင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဋိလ(ပဲခူးတိုင်းသံဃာ့ဝန်ဆောင်)၏ ခမည်းတော်၊ ဦးကျော်ကျော်လင်း (Master Mariner)-ဒေါ်တင်တင်ခိုင်၊ ဦးရဲဇော်မြင့်-ဒေါက်တာ ခင်မျိုးမော်၊ ဒေါက်တာ သက်လယ်ဆွေအေး(တွဲဖက်ပါမောက္ခ-နှလုံးဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဦးအာကာဆွေအေး-ဒေါ်အိမွန်စိုး (Regulatory Manager, K.T.Z Company Limited)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုး၊ မြစ် သုံးယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် ၆၉(က)နေ ဒေါက်တာ ဦးဆွေမြင့် (အရေပြားအထူးကုဆရာဝန်ကြီး)သည် ၁-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃-၁၂-၂၀၂၂ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းအေး(အ.လ.ပြ-ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သော်တာလမ်း၊ အမှတ် (၅/က)နေ (ဦးကျင်ဟုတ်-ဒေါ်ညိုညို)တို့၏ သမီးငယ်၊ (ဦးကြည်သန်း)-ဒေါ်စန်းရီ၊ (ဦးလှမြင့်-ဒေါ်တင်တင်အေး)၊ (ဦးထွန်းရီ)-ဒေါ်မြင့်မြင့်စိုး၊ ဦးဉာဏ်လင်း-(ဒေါ်မြင့်မြင့်ဌေး)၊ ဦးခင်ကြည်-(ဒေါ်တင်တင်ဝေ)တို့၏ ညီမ၊ ဒေါက်တာယုယုတင်၊ ဒေါက်တာယဉ်မောင်မောင်-ဒေါက်တာသန်းသန်းဝင်း၊ ကိုဖြိုးမင်းသန့်တို့၏အဒေါ်၊ မဆုယဉ်နှင်း၏အဘွားလေး ဒေါ်သန်းသန်းအေးသည် ၃၀-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၇:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၂ (အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်မာ
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄၃၅)၊ (၈)လမ်း၊ သမိုင်း (၁)ရပ်ကွက်နေ (ဦးမြင့်ဖေ-ဒေါ်အမာစိန်)တို့၏ သမီးကြီး၊ ဦးသိန်းလွင်၏ ချစ်လှစွာသောဇနီး၊ ကိုမင်းမင်းဦး-မအေးသန္တာဆွေ (ရွှေသံစဉ် အင်ဂျင်ဝိုင်ရောင်းဝယ်ရေး၊ ဘုရင့်နောင်)၊ ကိုဟိန်းထက်အောင်တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မောင်မော်ကွန်းဦး၏ ချစ်လှစွာသောအဘွားသည် ၃၀-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကန်သာယာဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်အောင်သက်ဦး-ဒေါ်ကေခိုင်ညွန့်**
**Triple Nine Co,Ltd မိသားစု**

---

ဘုရားဒါယကာကြီး

## ဦးကံဌေး (ခ) ကိုချိုကြီး (ခ) ဘုန်းကြီး
76 Geol RaSu ကျောင်းသားဟောင်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ (၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ Golden City Bolck-4 နေ (ဦးသိန်းတင်- ဒေါ်တင်အေး)တို့၏သား၊ (ဦးရှောင်-ဒေါ်ညွှန့်တင်)တို့၏သားသမက်၊ [ဒေါ်နှင်းနွယ်ဝင်း(ခ)ဒေါ်တုံမွှေ့]၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအေးသိန်းဌေး)-ဒေါ်သူဇာနွယ်တို့၏ ညီ၊ ဒေါ်သင်းသင်းဌေး-ဦးအေးသောင်း၊ ဦးဟန်ဌေး- ဒေါ်မြင့်မြင့်ရီတို့၏အစ်ကို၊ မအိမွန်သန့်(Golden City)၊ မခင်မေထွန်း (Sun Power)၊ (မဇင်မေသန့်)၊ မောင်အာကာစိုး-မဇာလီမြင့် (Chinnery Assets Limited)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်ကောင်းခန့်မောင်၊ မောင်ဟိဏ်းသန့်ဇော်၊ မခြူးခေတ်ခေတ်ခြယ်တို့၏ အဘိုးသည် ၁-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၀၀:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၂၂ (စနေနေ့) နံနက် ၁၂ နာရီတွင် ရေဝေးအအေးတိုက် ခန်းမ(က)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## Dr.M Lama (ခ) Dr. Richard Lama
(Saint Albert ကျောင်းသားဟောင်း)
ခရိုင်ဆရာဝန်ကြီး(ငြိမ်း)-မြောင်းမြ
### အသက်(၈၈)နှစ်

(ဦးဂျစ်ဗဟာဒူးလားမား-ဒေါ်နီးမာယာ)တို့၏ သားကြီး၊ (ဒေါ်မာယာ)၏ ခင်ပွန်း၊ ဦးရန်နိုင်(ညွှေ့လမ်းညွှန်)၊ ဒေါ်စန္ဒာ၊ ဒေါ်ဥမ္မာ (ကထိက၊ အင်္ဂလိပ်စာဌာန၊ ပုသိမ်တက္ကသိုလ်)၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်ရီရီ၏အစ်ကိုကြီး ဒေါက်တာမဒူကာလားမားသည် ၁-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၃-၁၂-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြောင်းမြမြို့၊ (မြို့မ)သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရားဒါယကာကြီး

## ဦးကံဌေး (ခ) ကိုချိုကြီး(ခ) ဘုန်းကြီး
76 Geol RaSu ကျောင်းသားဟောင်း
### အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ (၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ Golden City Block-4 နေ (ဦးသိန်းတင်-ဒေါ်တင်အေး)တို့၏သား၊ (ဦးရှောင်-ဒေါ် ညွှန့်တင်)တို့၏သားသမက်၊ [ဒေါ်နှင်းနွယ်ဝင်း(ခ)ဒေါ်တုံမွှေ့]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအေးသိန်းဌေး)-ဒေါ်သူဇာနွယ်တို့၏ညီ၊ ဒေါ်သင်းသင်းဌေး-ဦးအေးသောင်း၊ ဦးဟန်ဌေး-ဒေါ်မြင့်မြင့်ရီတို့၏အစ်ကို၊ မအိမွန်သန့် (Golden City)၊ မခင်မေထွန်း (Sun Power)၊ (မဇင်မေသန့်)၊ မဇာလီမြင့် (Chinnery Assets Limited) တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်ကောင်းခန့်မောင်၊ မောင်ဟိဏ်းသန့်ဇော်၊ မခြူးခေတ်ခေတ်ခြယ်တို့၏ အဘိုးသည် ၁-၁၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၀၀:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက် ခန်းမ(က)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်လှိုင်
### အသက်(၇၉)နှစ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလွင်၏ မိခင်ဖြစ်သူ ဒေါ်တင်လှိုင်သည် ၁-၁၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**

---

## အထူးကြေကွဲဝမ်းနည်းကြောင်း

ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ၁၉၇၂-၇၆ ခုနှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်း ဦးကံဌေး(ခ) ဘုန်းကြီး (၆၇)နှစ်သည် ၁-၁၂-၂၀၂၂ ရက် နံနက် ၀၀:၅၀ နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**၁၉၇၂-၇၆ ခုနှစ် ဘူမိဗေဒ**
**ဘွဲ့ရကျောင်းသူ/သားများ**

---

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၂၂/ဂ)တွင် နေထိုင်သော ဒေါ်ထက်ထက်နန္ဒာ [၁၂/မရက(နိုင်)၁၃၆၁၃၉] (ဘ) ဦးအေးလင်းမှ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၂၁ ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့က ဦးအောင်အောင်ဦး [၁၂/ကမတ(နိုင်)၀၆၀၇၀၇] (ဘ)ဦးဝင်းတင်အား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၃၈၂၄/၂၀၂၁ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးကျော်မောင်မောင်မင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၂၁)**
**အမှတ်(၃၄)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၄၆၉၁၅**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တနန္ဒာစရိယ
## နိုင်ငံတော်ဩဝါဒါစရိယ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
### သိက္ခာတော် (၇၃)ဝါ၊ သက်တော် (၉၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဒက္ခိဏာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒာစရိယ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) နိုင်ငံတော်ဩဝါဒါစရိယ၊ မြို့နယ်ဩဝါဒါစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက ဆရာတော်ဘုရားကြီးသည် (နတ်တော်လဆန်း ၆ ရက်) ၂၈-၁၁-၂၀၂၂ (တနင်္လာနေ့) ည ၉:၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်အား (နတ်တော်လပြည့်ကျော် ၈ ရက်) ၁၅-၁၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် မီးလောင်တိုက်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဈာပနကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းမြိုင် (ထောက်ကြန့်)
### အသက် (၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ (ဦးဘခင်-ဒေါ်အေးရင်)တို့၏ သား၊ (ဦးကျင်တိတ်-ဒေါ်စိန်ယုံ)တို့၏သားသမက်၊ ထောက်ကြန့်လမ်းဆုံရပ်ကွက်နေ ဒေါ်စန်းမြိုင်၊ ဦးအုန်းကျင်-ဒေါ်စန်းတင်၊ ဦးအုန်းဆိုင်-ဒေါ်ထွေးတင်၊ ဒေါ်ရင်လှိုင်၊ ဒေါ်ရင်မြိုင်တို့၏ ညီ/မောင်၊ ဦးပု-ဒေါ်ရီ၊ ဦးမြအေး-ဒေါ်သန်းညွန့်၊ ဦးမြထွေး- ဒေါ်ညွှန့်ညွှန့်သိန်း၊ ဦးခင်မောင်အေး-ဒေါ်အေးအေးဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးထွန်းလင်း-ဒေါ်စိန်မြ၊ ဦးညွှန့်မောင်-ဒေါ်အေးခိုင်တို့၏အစ်ကို၊ ဦးသန်းနိုင်ဝင်း-ဒေါ်အေးအေးသန်း၊ ဦးရန်မျိုးအောင်၊ (ဦးသန်းဝင်း)-ဒေါ်ယုဆွေဝင်း၊ ဒေါ်မာလာဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မကျော့ကေခိုင်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုး၊ ထောက်ကြန့်မြို့၊ တောင်ပိုင်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၇၅)နေ ဒေါ်တင်ယုံ၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၄: ၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၄-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မြို့ရှောင်လမ်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အမှတ် (၇၅)၊ ပြည်လမ်း၊ တောင်ပိုင်းရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာထွန်းအောင်
### အသက်(၆၀)

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းအောင် အသက်(၆၀)သည် ၂၇-၁၁-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)**

---

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(က/၂၅)၊ ဗိုလ်မင်းခေါင်လမ်း၊ မြေကွက်အမှတ် (ခ/၄၃၉) ဟုခေါ်တွင်သော ဧရိယာ (၀.၀၅၅)ဧကရှိ ဂရန်အမှုတွဲအမှတ်- ၂၀၈ V/ ၉၀-၉၁ အရ ဦးစိုးတင့် အမည်ပေါက် ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်မျိုးမင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်မောင်ပါ [၉/မနတ(နိုင်)၀၂၂၉၈၉၉]က တရားဝင် စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းအောင် LL.B, LL.M(International Law), WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၇၇၃၁၅**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ သဇင်(၁)လမ်း၊ မြေကွက်အမှတ်(၇၄၁)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးသိန်းဝင်း (SGU-၀၁၀၇၀၈)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ချိုချိုသင်း [၁၂/မဂတ(နိုင်)၀၃၈၉၁၇]သည် နှစ်ဦးသဘောတူ အဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂၁**

---

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ် နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**❖ ဒေသတွင်းမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်...**

**❖ ကုန်ကြမ်းထွက်ရှိမှုခိုင်မာအောင် ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**



**ဗီယက်နမ်နိုင်ငံ၌ အထည်အလိပ်လုပ်ငန်းအား အစိမ်းရောင်စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲရန် ကြိုးပမ်းဆောင်ရွက်**

စာမျက်နှာ » ၁၃

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ**

စာမျက်နှာ » ၁၆

## ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်အား ဓားပြတိုက်လုယက်မှု ကျူးလွန်ရန် စီစဉ်လျက်ရှိသည့် Anti-Coup People's Liberation Force – ACPLF နှင့် Anonymous Fighter Force – AFF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



ဝေယံကောင်းထက်(ခ) Lu Aye ၏ နေအိမ်မှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



နိုဝင်ဘာ ၃၀ ရက်တွင် တရားခံ လေးဦးနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်လုပ်မိုင်း နှစ်လုံး၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ဓားပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ☆



## နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲသို့ တက်ရောက်ရန် တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်သော စစ်ရေယာဉ်(ကျန်စစ်သား) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့တွင် ကျင်းပမည့် နိုင်ငံတကာ စစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review–IFR) သို့တက်ရောက်ရန်အတွက် တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီး သိန်းစိုးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်သည့် စစ်ရေယာဉ်(ကျန်စစ်သား)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃)ရေတပ် ဆိပ်ခံတံတား (သီလဝါ)မှ ထွက်ခွာရာ သန်လျင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များက ပို့ဆောင် နှုတ်ဆက်ကြသည်။

အဆိုပါ နိုင်ငံတကာ စစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review–IFR) ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့တွင် ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စစ်ရေယာဉ်(ကျန်စစ်သား) အပါအဝင် နိုင်ငံတကာမှ စစ်ရေယာဉ်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**